# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914
**Myanma Alinn Daily**


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၂၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ယနေ့ ဖတ် စ ရာ


**နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒုတိယ အစည်းအဝေး ဒုတိယနေ့ ကျင်းပ**

ပြည်တွင်းသတင်း | စာ ၆



**ငယ်စဉ်အခါမှာ ပညာရှာပါ**

ဆောင်းပါး | စာ ၈

**အီသီယိုးပီးယား၌ ၁၁ လအတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံ ရရှိ**

နိုင်ငံတကာသတင်း | စာ ၁၄


## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၂၈

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၄ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊

*စာမျက်နှာ ၄ ကော်လံ ၁* ❑

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားစဉ်။

❖ **ဘာသာရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်၊ အဆွေတော်တို့ Buryatia ပြည်နယ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အတူ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး အစရှိသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

❖ **မိမိတို့အနေဖြင့် နေရာဒေသချင်း အလှမ်းကွာဝေးသော်လည်း ရင်ဘတ်ချင်းနီးကြပါကြောင်း၊ ကိုးကွယ်ရာ ဘာသာတရားချင်းလည်း တူညီမှုရှိကြပြီး အခြေခံဘာသာတရား တူညီနီးစပ်မှုမှအစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိ**

**Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov**

❍ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညစာစားပွဲနေရာသို့ရောက်ရှိကြရာ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ၊ ဒုတိယ ပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညစာစားပွဲကို စတင်ကျင်းပပြုလုပ်ရာ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် နေရာဒေသချင်း အလှမ်းကွာဝေးသော်လည်း ရင်ဘတ်ချင်းနီးကြပါကြောင်း၊ ကိုးကွယ်ရာ ဘာသာတရားချင်းလည်း တူညီမှုရှိကြပြီး အခြေခံဘာသာတရား တူညီနီးစပ်မှုမှအစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့ Buryatia ပြည်နယ်သို့ လာရောက်မှုအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြား

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်သည့် ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ရာတွင် မိမိအနေဖြင့် Buryatia ပြည်နယ်သို့ တတိယအကြိမ်မြောက် ရောက်ရှိခြင်းဖြစ်ပြီး သာယာလှပသည့် Buryatia ပြည်နယ်သို့ ရောက်ရှိသည့်အချိန်တိုင်း စိတ်ချမ်းသာမိပါကြောင်း၊ ဗုဒ္ဓဘာသာကို အများစုကိုးကွယ်သည့်ပြည်နယ်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် စိတ်သဘောထားချင်း ပိုမိုတိုက်ဆိုင်မှုရှိကြောင်း၊ ဘာသာရေးဆိုင်ရာ ကူးလူးဆက်ဆံဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်တစ်ခုနီးပါးရှိပြီဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ဘာသာရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်တို့ Buryatia ပြည်နယ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်အတူ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး အစရှိသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး ကျန်းမာချမ်းသာ၍ အဆင်ပြေ ချောမွေ့ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**အကအလှများဖြင့် ဖျော်ဖြေတင်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း Buryatia ပြည်နယ်၊ အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်**

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲတို့သည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဇနီးနှင့်ပြည်နယ်အကြီးအကဲတို့၏ ဇနီးသည်လည်းကောင်း အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*


မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၉-၆-၂၀၂၅ ရက်နေ့မှ ၃၀-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁-၇-၂၀၂၅ ရက်နေ့မှ ၂-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၇-၂၀၂၅ ရက်နေ့မှ ၄-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ထွက်ခွာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ရောက်ရှိ

နေပြည်တော် ဇွန် ၂၈

**ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov ၏ ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ဆက်လက်ထွက်ခွာသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ပြည်နယ်အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုစဉ်။**



# သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဇွန် ၂၈

**နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။**

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသရက ဆောင်ရွက်တော်မူသည်။

ထို့နောက် ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒပါလက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ လှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၃၃၀ ကို ဆရာတော်ကြီးများကိုယ်စား သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသရက အတည်ပြုချက်ရယူပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက ဒွေစတ္တာလီသတိမ (၄၂) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**



နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။



## ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် လေ့ကျင့်ကားရေဝေရေလဲဒေသအတွင်း၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တိုင်း / ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကျွန်းပင် ၄၀၀၀၊ ပျဉ်းကတိုးပင် ၂၂၀၀၊ မဟော်ဂနီ ၄၀၀၀၊ သရက် ၂၀၀၊ ပိန္နဲ ၂၀၀ နှင့် ဒူးရင်း ၂၀၀ စုစုပေါင်းအပင် ၁၀၈၀၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## ဆေးဝါးတက္ကသိုလ်(မန္တလေး)၌ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မန္တလေး ဇွန် ၂၈**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ်ဝင်း၌ ကျင်းပသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးတိုင်းဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ပျိုးပင်ပေါင်း ၈၀၀ စိုက်ပျိုး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်နေရာ၌ အရိပ်ရလေကာပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက ကျွန်း၊ ခရေ၊ မယ်ဇယ်၊ စိန်ပန်းပြာ၊ ပိတောက်၊ ယင်းမာ၊ တမာ၊ ကံ့ကော်၊ သပြေဘူတ၊ ပျဉ်းကတိုး၊ သဘော်တည် စသည့် သစ်မျိုး ၁၁ မျိုး ပျိုးပင်ပေါင်း ၈၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ကြည့်ရှုအားပေး

ပုသိမ် ဇွန် ၂၈

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းက ညောင်တုန်း၊ ပန်းတနော်၊ မအူပင်မြို့တို့ရှိ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးကြသည်။**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ (Knowledge Center)သို့ ရောက်ရှိပြီး တောင်သူများ မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် မျိုးစေ့ချသရုပ်ပြပွဲကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဆားမလောက်ရွာ၊ သက်ရင်းကျောင်းရွာ၊ ဇီးဖြူကျွန်းရွာ၊ ဝါးတောရွာ၊ ထူးချောင်းရွာတို့မှ တောင်သူများအား မျိုးစေ့ချကိရိယာ နှင့် MRTV DTH စလောင်းများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တောင်သူများအား ယနေ့ အချိန်တွင် နိုင်ငံတစ်ဝန်းရှိ လူမှုအသိုက်အဝန်းများအား တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းဆိုသည်မှာ ဘေးကင်းလုံခြုံမှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ တိုးတက်မှု၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းမွန်မှု၊ သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိမှု အစရှိသည့် ကောင်းမွန်တိုးတက်သည့် လူ့အသိုက်အဝန်းများဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း ၊ ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးမှစ၍ ကဏ္ဍပေါင်းစုံ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသည်ကို တွေ့ရ၍ ဝမ်းမြောက်ပါကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကူညီကြပါရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ညောင်တုန်းမြို့နယ်ရှိ အာရှသား ငါးမွေးမြူရေးကုမ္ပဏီကို ရောက်ရှိပြီး ရေချိုပုစွန်၊ ငါးမျိုးစုံနှင့် ဘက်စုံမွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုကာ အသား၊ ငါး ထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မအူပင်မြို့နယ် အလန်းအုပ်ကျေးရွာရှိ စိုင်းသီဟ အသားတိုးကြက်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကာ အသားတိုးကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။

စိုင်းသီဟအသားတိုးကြက်မွေးမြူရေးခြံကို ၂၀၁၅ ခုနှစ်က အသားတိုးကြက်အကောင်ရေ ၁၂၀၀၀ ခန့်ဖြင့် စတင်မွေးမြူလုပ်ကိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှစတင်၍ အသားတိုးကြက်အကောင်ရေ ၂၄၀၀၀ အထိတိုးချဲ့မွေးမြူလုပ်ကိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် အအေးခန်း အသားတိုးကြက်ခြံများ အဖြစ်သို့ ပြောင်းလဲပြီး ကြက်အကောင်ရေ ၁၅၅၀၀၀ ခန့်ဖြင့် ယနေ့တိုင် မွေးမြူလျက်ရှိကာ ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု၊ ထနီးကျေးရွာအုပ်စု၊ ရန်ကုန်-ပုသိမ် အမြန်ကားလမ်းမကြီးဘေးရှိ ရွှေနဂါးမင်းကုမ္ပဏီသို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးဇော်မင်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မအူပင် Polytechnic တက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ပါမောက္ခချုပ်ထံ MRTV DTH စလောင်းတစ်စုံ ပေးအပ်သည်။

ဆက်လက်၍ မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ မင်္ဂလာစာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးက အလှူငွေကျပ် ၁၀ သိန်း၊ MRTV DTH စလောင်း သုံးစုံ၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသ စာအုပ်များကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဒေါ်ဟေမာစာရီက လက်ခံရယူသည်။

ထို့နောက် ပန်းတနော်မြို့နယ်ရှိ ဝက်ကောင်ရေ ၆၅၀၀ ခန့်ရှိ ထူးထက်ဟန်ကုမ္ပဏီ အသားတိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုကာ အသားထုတ်လုပ်မှုစနစ်တကျ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးသည်။ အဆိုပါ မွေးမြူရေးခြံကို ၂၀၂၂ ခုနှစ်မှစတင်၍ မွေးမြူထုတ်လုပ်ခဲ့ရာ ယခု ၂၀၂၅ ခုနှစ်တွင် ဝက်သားပိဿာချိန် ၁၈ ဒသမ ၅၄ သိန်းကို ထုတ်လုပ်နိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် တိုင်းဒေသကြီးပြင်ပသို့ ထုတ်လုပ်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပန်းတနော်မြို့ ဦးသန့်စာကြည့်တိုက်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် မှန်နန်းရာဇဝင်စာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း ၊ MRTV DTH စလောင်းနှစ်စုံ၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသ စာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးတင်စိုးက လက်ခံရယူခဲ့သည်။ **သတင်းစဉ်**

# ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ဘားအံ ဇွန် ၂၈**

ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံ၍ အခြားသောစီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၂၀၆-စ၊ တောကြီးကွင်းရှိ ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း ၁၃ ဒသမ ၉၆ ဧက၌ အောင်မြင်ဖြစ်ထွန်းနေသော စားဖိုဆောင်သီးနှံစိုက်ခင်းများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန(ခွဲ)မှ ငါးအမိုင်နိုအက်စစ်ပြုလုပ်နည်းနှင့် စူပါ EM ဘိုကာရှီ သဘာဝမြေဩဇာ လက်တွေ့ပြုလုပ်ပြသရာ ပြည်နယ်ဝန်ကြီးချုပ်က ဟင်းသီးဟင်းရွက်မျိုးစေ့များကို အခမဲ့ချီးမြှင့် ပေးအပ်သည်။

ယင်းနောက် ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း



အတွင်း တောင်သူ ၁၃ ဦး၏ အောင်မြင်ဖြစ်ထွန်းနေသော ခဝဲ၊ သခွား၊ ခရမ်း၊ ဘူး၊ ရုံးပတီ၊ တိုင်ထောင်ပဲ၊ ပဲတောင့်ရှည်၊ ဖူးစားပြောင်း၊ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ ကန်စွန်းဥစိုက်ခင်းများ၊ အမှတ်(၂၀)စက်မှုလယ်ယာစခန်း(ဘားအံ)၏ ထွန်စက်ကြီးများဖြင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ပင်များကို ထယ်ထိုးမြေမြှုပ်ခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝင်းကျန်ကျေးရွာအုပ်စု၌ ဒေသနွား ၅၅ ကောင်မွေးမြူ၍ သားစပ်မျိုးဖြန့်ခြင်းနှင့် အသားနှင့်နို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် တောင်သူဦးအောင်ကျော်မြင့်၏ စံပြနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အခမဲ့တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆားခဲများကို ပေးအပ်သည်။

ထို့နောက် ဘားအံမြို့၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော နောင်ခရိုင် ရေဂူခရီးစဉ်ဒေသကို လည်းကောင်း၊ ဘားအံမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘားအံမြို့ရှောင်လမ်း(4.0km – 4.5km )ကြားတွင် လမ်းဘေးတောင်ပြိုမှု ဖြစ်ပွားခဲ့သဖြင့် လမ်းဦးစီးဌာနမှ စက်၊ ယာဉ်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု(ဝဲပုံ) ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

## ဘီးလင်းမြစ်ရေ ဘီးလင်းမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၈

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ငယ်စဉ်အခါမှာ ပညာရှာပါ

မောင်ကမ္ဘာ

မုတ်သုံမိုးက ယခုရက်ပိုင်းအတွင်း နေ့စဉ်နီးပါးရွာသွန်းလျက်ရှိသည်။ မိုးကြောင့် ပတ်ဝန်းကျင်သည် စိမ်းစိုလန်းဆန်းနေသည်။ ကျောင်းတက် ကျောင်းဆင်းချိန်နှင့် ကြုံကြိုက်ပါက ဝန်းကျင်တစ်ခိုသည် ပို၍ စိမ်းမြသစ်လွင်နေတော့သည်။ သည်မြင်ကွင်းကား အခြေခံပညာကျောင်းများဖွင့်လှစ်ချိန် ဇွန်လရောက်လျှင် တွေ့မြင်နေကျ မြင်ကွင်းတစ်ခုဖြစ်သော်လည်း ဘယ်သောအခါမျှမရိုးနိုင်ပါပေ။ စိတ်အစဉ်ကို ကြည်နူးချမ်းမြေ့စေသည်။

ယခုနှစ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ခြောက်သန်းနီးပါး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



၂၀၂၅ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများသို့ တက်ရောက်နေသည့် သင်တန်းသားများ မေ ၁၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ RC လေယာဉ်မောင်းနှင်ခြင်း ပြိုင်ပွဲများတွင် လက်တွေ့မောင်းနှင်ကြစဉ်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ပေးဝေပြီး KG နှင့် မူလတန်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ငယ်စဉ်အခါမှာ ပညာရှာကြရပေမည်။ ပညာခေတ်တွင် ပညာရေးသည် လူတိုင်းအတွက် အရေးပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း မိမိတို့နိုင်ငံအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်လာကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကျောင်းသား ကျောင်းသူများကို သိပ္ပံပညာအကြောင်း ပြောပြလာနိုင်စေရန်၊ သိပ္ပံပညာရပ်ကို သင်ယူလာနိုင်စေရန်၊ သိပ္ပံပညာရပ်ကို အသုံးပြုလာနိုင်စေရန်နှင့် တီထွင်ဆန်းသစ်မှုရှိလာစေရန် ဉာဏ်အလင်းဖွင့်ပေးပြီး လက်တွဲခေါ်ဆောင်ပေးလျက်ရှိသည်။

CRI သတင်း၏ အဆိုအရ ၂၀၂၅ ခုနှစ် မေလ ၂၇ ရက်နေ့ နံနက်တွင် တရုတ်နိုင်ငံ စန်းကျန့်မြို့၊ ပေကျင်းမြို့၊ ဟော်ပေပြည်နယ်၊ စန်းတုန်းပြည်နယ်တို့မှ အာကာသဝါသနာရှင် အထက်တန်းကျောင်းသားများကိုယ်တိုင် စမ်းသပ်ပြုလုပ်ထားသော ပထမဆုံး မိုးလေဝသနှင့် အာကာသ စူးစမ်းလေ့လာရေးဒုံးပျံ "ဖေးယန့်-၁" (Feiyan-1)ကို ချင်းဟိုင်ပြည်နယ် လန်ဟူမြို့နယ်တွင် အောင်မြင်စွာပစ်လွှတ်နိုင်ခဲ့သည်ဟု ဆိုသည်။ ဒုံးပျံပစ်လွှတ်ပြီးနောက်တွင် မြေပြင်ဂြိုဟ်တုလက်ခံစခန်းမှ ရှာဖွေစုဆောင်းရန် စီစဉ်ထားသည့် မိုးလေဝသအချက်အလက်များကို အောင်မြင်စွာ လက်ခံရရှိခဲ့သည်ဟု သိရသည်။

ဖေးယန့်-၁ ၏ တီထွင်စမ်းသပ်မှုကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် စတင်ခဲ့ပြီး အဆိုပါအာကာသဝါသနာရှင် အထက်တန်းကျောင်းသားများက ပေကျင်း-ကျင်ရှိ အာကာသနှင့် လေကြောင်းသိပ္ပံနည်းပညာအခြေစိုက်စခန်းသို့သွားရောက်လေ့လာဆည်းပူးခဲ့ကြပြီး အစီအစဉ်များ ဆန်းစစ်သုံးသပ်ခဲ့ကြကာ ဒုံးပျံ၏ ပဏာမဒီဇိုင်းကို ပြီးမြောက်အောင် ရေးဆွဲခဲ့ကြသည်။

ယင်းနောက် သက်ဆိုင်ရာကျောင်းများသို့ ပြန်သွားခဲ့ကြပြီး ကျောင်းပြင်ပအချိန်ကို အသုံးချကာ ဒုံးပျံစမ်းသပ်ထုတ်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းလုပ်ငန်းစဉ်များနှင့်အညီ ဒုံးပျံဒီဇိုင်းရေးဆွဲမှု၊ လက်တွေ့စမ်းသပ်မှု၊ အချောသပ်မှု၊ စုပေါင်းမှု၊ တပ်ဆင်မှုနှင့် စမ်းသပ်စစ်ဆေးမှုတို့ကို ပြီးမြောက်သည်အထိ စနစ်တကျ လုပ်ဆောင်ခဲ့ကြသည်။

စန်းကျန့်မြို့ ယန့်ချွမ်းအထက်တန်းကျောင်းမှ အထက်တန်းကျောင်းသားတစ်ဦးဖြစ်သူ ဝမ်ယွီနင်က ဒီဇိုင်နာချုပ်အဖြစ် တာဝန်ယူခဲ့သည်ဟုဆိုသည်။ ဝမ်ယွီနင်သည် ငယ်စဉ်ကတည်းက ဒုံးပျံနှင့် အာကာသဆိုင်ရာ ပညာရပ်များကို စူးစမ်းလိုစိတ်ရှိပြီး လေကြောင်းအာကာသ အသိပညာများကို စနစ်တကျ လေ့လာဆည်းပူးခဲ့သည်။ ယန့်ချွမ်းအထက်တန်းကျောင်း လေကြောင်းနှင့် အာကာသဆိုင်ရာ အထူးပညာသင်ကြားရေးစနစ်၏ အားပေးမှုနှင့်အတူ အာကာသအသင်းကို ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ဒုံးပျံဒီဇိုင်းရေးဆွဲမှု၊ လောင်စာဖော်စပ်မှု၊ လေကြောင်းအီလက်ထရောနစ်ထိန်းချုပ်ရေး စသည့် အသိပညာများကို သင်ယူခဲ့သည်ဟု ဆိုသည်။

ဖေးယန့်-၁ အာကာသစူးစမ်းလေ့လာရေးဒုံးပျံသည် တရုတ်နိုင်ငံနေရာဒေသအနှံ့မှ အာကာသဝါသနာရှင် အထက်တန်းကျောင်းသားများ ကိုယ်ပိုင်သဘောဆန္ဒဖြင့် စတင်ခဲ့သည့် အာကာသသိပ္ပံတီထွင်မှု စီမံကိန်းတစ်ခုဖြစ်ပြီး ဒုံးပျံပညာရှင်များ၏ လမ်းညွှန်မှုအောက်တွင် အထက်တန်းကျောင်းသားများကိုယ်တိုင် တီထွင်ပြုလုပ်ခဲ့ကြသော ပထမဆုံး အာကာသစူးစမ်းလေ့လာရေးဒုံးပျံဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းနှင့်အာကာသ သိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(လေ)က လေကြောင်းလူငယ်သင်တန်းများကိုလည်းကောင်း၊ တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ရေကြောင်း လူငယ်သင်တန်းများကိုလည်းကောင်း နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အိမ်နီးချင်း လာအိုနိုင်ငံတွင်လည်း ပညာရေး၏တန်ဖိုးကို မြှင့်တင်ရန်၊ ကျောင်းထွက်နှုန်းလျှော့ချရန်နှင့် နိုင်ငံတစ်ဝန်း အခြေခံပညာသင်ကြားခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်စေရန် ရည်ရွယ်၍ လှုံ့ဆော်မှုအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ရန် ပညာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တိုင်ပင်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသည် စီးပွားရေးကျပ်တည်းခြင်းနှင့် ပညာရေးတန်ဖိုးအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းတို့ကြောင့် ကျောင်းထွက်နှုန်း မြင့်မားလာခြင်းကို ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ရာတွင် ကနဦး ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ကျောင်းတက်ရခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြနိုင်ရန်နှင့် ပညာရေးသည် လူမှုဘဝအတွက်ရော လုပ်ငန်းခွင်အတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်းကို လာအိုပြည်သူများ နားလည်ပြီး လက်ခံလာအောင် တိုက်တွန်းလှုံ့ဆော်နိုင်မည့် ဗီဒီယိုတစ်ခုဖန်တီးနိုင်ရန် ဇာတ်ညွှန်းရေးသားခြင်းနှင့် ပုံပြောခြင်းတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့မူ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ပညာရေး၏ တန်ဖိုးနှင့်ပတ်သက်၍ ငယ်စဉ်အခါမှာ ပညာမရှာခဲ့၍ ကြီးခါမှ ခွက်လက်စွဲကာ တောင်းရမ်းစားသောက်နေရသော ဗာရာဏသီပြည်မှ ကုဋေရှစ်ဆယ်သူဌေးသားတစ်ဦး၏ ဘဝဇာတ်ကြောင်း၊ မြတ်စွာဘုရားရှင်လက်ထက်တော်ကာလက ပထမအရွယ်တွင် လုံ့လဝီရိယဖြင့် ကြိုးပမ်းအားထုတ်ပါက လောကီအရာတွင် ပထမတန်းထိပ်တန်းသူဌေးကြီး၊ လောကုတ္တရာနယ်ပယ်တွင် ကိလေသာအာသဝေါတရားကင်းစင်သော ရဟန္တာအရှင်မြတ်အဖြစ် လည်းကောင်း၊ ဒုတိယအရွယ်တွင် အသိတရားရပြီး ကြိုးစားအားထုတ်ပါက လောကီအရာတွင် ဒုတိယတန်းစားသူဌေး၊ လောကုတ္တရာနယ်ပယ်တွင် အနာဂါမ်၊ သကဒါဂါမ်အဖြစ် လည်းကောင်း၊ တတိယအရွယ်တွင်လည်း အချိန်မနှောင်းမီကြိုးစားခဲ့ပါက လောကီအရာတွင် တတိယတန်းစားသူဌေးတစ်ဦး၊ လောကုတ္တရာနယ်ပယ်တွင် သောတာပန်ပုဂ္ဂိုလ်တစ်ဦးအဖြစ် လည်းကောင်း လောကီ၊ လောကုတ္တရာ နှစ်ဝနှစ်ဌာနတွင် တစ်ဖက်ဖက်က အကျိုးများနိုင်ဖွယ်ရှိမည်ဖြစ်သော်လည်း အရွယ်သုံးပါးလုံးကို အချည်းနှီးကုန်ဆုံးခဲ့သဖြင့် အရွယ်လွန်အချိန်နှောင်းကာ အသက်အရွယ်ကြီးမြင့်ချိန်ရောက်မှ ခွက်လက်စွဲကာ တောင်းရမ်းစားသောက်ခဲ့ရသော အဘိုးအို ဇနီးမောင်နှံနှစ်ဦးတို့၏ ဘဝဇာတ်ကြောင်းတို့ကို လေ့လာမှတ်သားခဲ့ကြဖူးပေမည်။

မျက်မှောက်ခေတ်တွင်လည်း ပညာသည် လူသားတို့၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ လူမှုဘဝနှင့် ပတ်ဝန်းကျင်ကို နားလည်သဘောပေါက်နိုင်စွမ်းတို့ကို မြှင့်တင်ပေးနိုင်၍ မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိမိသားစုနှင့် လူမှုအဖွဲ့အစည်းအား အကျိုးပြုရန်နှင့် မှန်ကန်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အတွက် ငယ်စဉ်အခါကတည်းက ပညာရှာကြရလေသည်။ ပညာသင်ကြားကြရပေသည်။ ဘဝတက်လမ်းအမြင့်သို့ တက်လှမ်းလိုသူတိုင်းအဖို့မှုလည်း ပညာရေးနောက်ခံကောင်းမှု၊ ပညာတတ်မှု၊ ပညာရှိမှု လိုရာခရီးပန်းတိုင်ကို တက်လှမ်းနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် စီးပွားရေးကျပ်တည်းခြင်းနှင့် ပညာရေးတန်ဖိုးအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းတို့ကြောင့် ကျောင်းထွက်နှုန်း မြင့်မားလာခြင်း၊ ကျောင်းအပ်နှံမှု နည်းပါးလာခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ကြသော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများအဖို့မူ ပညာရေး၏တန်ဖိုးကို ဖွံ့ဖြိုးဆဲနိုင်ငံများထက် ဆယ်စုနှစ်များစွာ ရာစုနှစ်နီးပါးစောစီးစွာနားလည်သဘောပေါက်ခဲ့ကြပြီး လက်ရှိ ပညာရေးစနစ်ကိုလည်း ခေတ်နှင့်လျော်ညီစွာ အထပ်ထပ်မွမ်းမံတည်ဆောက်ခဲ့ကြ၍ ယနေ့ကမ္ဘာတွင် ဦးဆောင်မှုအခန်းကဏ္ဍကို ဆက်လက်ရယူနိုင်ခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ ပညာခေတ်တွင် ကျောင်းသား လူငယ်မောင်မယ်များသာမက ကျောင်းသားမိဘများကိုယ်တိုင် ပညာရေး၏တန်ဖိုးကို နားလည်သဘောပေါက်ကာ မိမိတို့ရင်သွေးငယ်များ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မပျက်မကွက် ပညာသင်ကြားသင်ယူနိုင်ရေးအပေါ် အလေးထား အားပေးဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**❝ မျက်မှောက်ခေတ်တွင်လည်း ပညာသည် လူသားတို့၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ လူမှုဘဝနှင့် ပတ်ဝန်းကျင်ကို နားလည်သဘောပေါက်နိုင်စွမ်းတို့ကို မြှင့်တင်ပေးနိုင်၍ မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိ မိသားစုနှင့် လူမှုအဖွဲ့အစည်းအား အကျိုးပြုရန်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အတွက် ငယ်စဉ်အခါကတည်းက ပညာရှာကြရလေသည်။ ပညာသင်ကြားကြရပေသည်။ ဘဝတက်လမ်းအမြင့်သို့ တက်လှမ်းလိုသူတိုင်းအဖို့မှု လည်း ပညာရေးနောက်ခံကောင်းမှု၊ ပညာတတ်မှု၊ ပညာရှိမှု လိုရာခရီး ပန်းတိုင်ကို တက်လှမ်းနိုင်မည်ဖြစ်သည် ❞**

# ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ၏အရေးပါမှုနှင့်အသုံးပြုနိုင်မှု အသိပညာပေး ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၈**

ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ၏ အရေးပါမှုနှင့်အသုံးပြုနိုင်မှု” အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းနှင့် မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သံ၊ သံမဏိထုတ်လုပ်သည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းမှ ထုတ်လုပ်သည့် သံ၊ သံမဏိများနှင့်ပတ်သက်၍ စံချိန်စံညွှန်းသုံးခုကို မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများအဖြစ် သတ်မှတ်နိုင်ရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့် သံမဏိများကို တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် တစ်သန်းခန့် နှစ်စဉ်သုံးစွဲလျက်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ပြည်တွင်းမှ သံနှင့် သံမဏိများကို တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် နှစ်သိန်းကျော်သာ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တန်ချိန်ရှစ်သိန်းခန့် တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်လာနိုင်သည့် သံ၊ သံမဏိများနှင့် ပြည်ပမှ တင်သွင်းလာသည့် သံ၊ သံမဏိများကို အရည်အသွေး၊ စံချိန်စံညွှန်းထိန်းသိမ်းနိုင်ရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံ၊ သံမဏိများ ထုတ်လုပ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသံနှင့်သံမဏိအသင်းဥက္ကဋ္ဌ မော်ဘီနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က သံနှင့်သံမဏိစံချိန်စံညွှန်းဆိုင်ရာအသိပညာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သိပ္ပံနည်းပညာအင်ဂျင်နီယာ (ထွန်း)က ဆောက်လုပ်ရေးလုပ်ငန်းသုံး သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက “ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ၏ အရေးပါမှုနှင့် အသုံးပြုနိုင်မှု” ၊ ပိုမိုစိတ်ချရသော သံမဏိဆီသို့ ဦးတည်နိုင်မည့် လမ်းကြောင်းများ၊ ငလျင်ဒဏ်ခံနိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်စေရန် ပြည်တွင်းစက်ရုံများအား အဆင့်မြှင့်တင်ခြင်း ခေါင်းစဉ်များဖြင့် လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က “ဥပဒေအရ သံချောင်းများ အရည်အသွေးပြည့်ဝစွာထုတ်လုပ်ရေး” ခေါင်းစဉ်များဖြင့်လည်းကောင်း၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက “သံကူကွန်ကရစ်အတွက် အစင်းပါကာဗွန်သံမဏိချောင်းနှင့် ဖြောင်ကာဗွန်သံမဏိချောင်းများ၏ မြန်မာစံချိန်စံညွှန်း (MM ASTM A615/ A615M – 18) အတွက် အသေးစိတ်စံနှုန်းများဆိုင်ရာ စံချိန်စံညွှန်း” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းနည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန ပါမောက္ခ၊ ဌာနမှူးက “တည်ဆောက်ရေးလုပ်ငန်းများအတွက် သံချောင်းများ၏ အရေးပါပုံ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက “ငလျင်ဒဏ်ခံသံမဏိ၏ အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာများက သံရည်ကျိုစက်ရုံများ စစ်ဆေးခဲ့မှုနှင့်ထုတ်လုပ်သည့် သံ၊ သံမဏိများအား အရည်အသွေးစစ်ဆေးခဲ့မှုကိုလည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ သုတေသနဌာနဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသည့် မူလဓာတုဗေဒဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးပြီး ဓာတုဗေဒပစ္စည်းများကို အမြန်ဆုံးစမ်းသပ်စစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဓာတုဗေဒပစ္စည်းများကို စမ်းသပ်စစ်ဆေးမည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးရန်၊ မူလဓာတုဗေဒဓာတ်ခွဲခန်း၌ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်း စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်မှာကြားပြီး မူလဓာတုဗေဒဓာတ်ခွဲခန်းအတွင်း ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးမွှားများအား စစ်ဆေးနိုင်မည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းစိန်)၌ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ ဆေးဘူးခွံများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်လျက်ရှိသည့် ယာယီအဆောက်အအုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းရုံးဝင်းအတွင်း၌ ဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် အိပ်ခန်းတစ်ခန်းပါ Container House များ တပ်ဆင်တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား Container House များသို့ ပြောင်းရွှေ့ နေရာချထားပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ နေထိုင်ရာတွင် သောက်သုံးရေ၊ လျှပ်စစ်မီး၊ မိလ္လာနှင့် အခြေခံလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေး အမြန်ဖြည့်ဆည်းဆောင်ရွက်ရန်၊ အညစ်အကြေးစွန့်ပစ်မှုများ စနစ်တကျဖြစ်စေရေးနှင့် တပ်ဆင်တည်ဆောက်ရန် ကျန်ရှိနေမှုများကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ပြောင်းရွှေ့ရန်ကျန်ရှိသော ဝန်ထမ်းများနှင့် မိသားစုဝင်များကို အမြန်ဆုံးနေရာချထားပေးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရုံးအနီးတွင် တည်ဆောက်ထားရှိသည့် (၂) ခန်းတွဲ ယာယီအဆောက်အအုံများ၌ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ တင်ပြချက်များနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို အမြန်ဆုံး ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# လှိုင်လင်ခရိုင် မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေရှင်းလင်းပွဲပြုလုပ်

**လှိုင်လင် ဇွန် ၂၈**

လှိုင်လင်ခရိုင် မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး ဥပဒေရှင်းလင်းပွဲကို ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇွန် ၂၆ ရက်က ပြုလုပ်ရာ ခရိုင်စီးမှူး ဦးမျိုးမင်းသန်းက ရှင်းလင်းပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များနှင့် ခရိုင်မျိုးစေ့ဌာနခွဲ တာဝန်ခံ ဦးသိန်းဝင်းက မျိုးစေ့တင်သွင်းခွင့်၊ တင်ပို့ခွင့်ထောက်ခံချက် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း၊ မျိုးစေ့လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း လုပ်ငန်းအကြောင်းကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်မြေအသုံးချရေးဌာနခွဲ တာဝန်ခံ ဦးစီးအရာရှိ ဒေါ်အေးအေးသင်းက မြေဩဇာဥပဒေနှင့်မြေဩဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို လည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံဒေါ်ခင်နှင်းသူက ပိုးသတ်ဆေး ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ပိုးသတ်ဆေးလက်လီလက်ကား ရောင်းချခွင့်လိုင်စင်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။



ယင်းနောက် ပိုးသတ်ဆေးစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရေးအတွက် လူထုလှုပ်ရှားမှုကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အယ်မင်း(လှိုင်လင်)**

# ကောက်စိုက်စက်နှင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ၊ အလင်းစေတမန်စာကြည့်တိုက်ဖွင့်ပွဲနှင့် မြို့နယ်ပေါင်းစုံ အသက်၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးအပ်ပွဲ အခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၀)ရှိ တောင်သူဦးငွေဇင်နောင်၏သုံးဧကတွင် ခြောက်တန်းသွားကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တောင်သူများအား နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မျိုးစပါးနှင့် သွင်းအားစုများပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**လက်ခံရယူ**

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာ၌ ကျင်းပသည့် အလင်းစေတမန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များနှင့် စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများက စာကြည့်တိုက်အတွက် MRTV DTH စလောင်း၊ MRTV DVB–T2 Set Top Box တစ်စုံ၊ စာအုပ်စာစောင်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုကို ကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)

**ပေးအပ်ချီးမြှင့်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်း နှစ်ဦးတွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အမျိုးသား သုံးဦးတွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပင်လောင်းလမ်းဆုံနှင့် အိုင်စောက်ကျေးရွာကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု၊ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ သုဇနကာရီ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတ သာသနာပြုကျောင်း၌ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက နည်းလှည့်ကွင်းဆင်း ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လာရောက်ဆေးကုသသည့် လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

## ပန်းတနော်မြို့နယ်၌ မြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်း ချေးငွေပေးအပ်

**ပန်းတနော် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဘဝိုင်းမြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်း၏ တတိယအကြိမ် သုံးနှစ်မြောက် ချေးငွေပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းထွဋ်နှင့် မြို့နယ်မြစိမ်းရောင် (ငါးကဏ္ဍ) စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းမြင့်၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ငါးမွေးတောင်သူများ၊ ဒေသခံ ရေလုပ်သားများ တက်ရောက်ကြပြီး ဘဝိုင်းမြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်း၏ တတိယအကြိမ် သုံးနှစ်မြောက်အတွက် ချေးငွေကျပ် ၅၅၆၈၀၀၀၀ ကို ထုတ်ချေးပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ၂၀၂၅ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

**၂၀၂၅ ခုနှစ် မိုးလယ်ကာလ သတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးလယ်ကာလသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်နေ့မှ တော်သလင်းလဆန်း ၉ ရက်နေ့)အထိ ဖြစ်ပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့တွင် နှစ်ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။

**၂၀၂၅ ခုနှစ် ဇူလိုင်လ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၃ ရက်မှ ၂၉ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၅ ရက်မှ ၂၂ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၈ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။

# ကဝမြို့နယ်အတွင်း အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေးနေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုအားပေး

**ပဲခူး ဇွန် ၂၈**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေး ဝန်ထမ်းများသည် ဇွန် ၂၈ ရက် နံနက်ပိုင်းက ကဝ မြို့နယ် အုန်းနဲ့တိုက်နယ်ဆေးရုံသို့သွားရောက်၍ ကဝမြို့နယ်အတွင်းရှိ ရဟန်း၊ ရှင်၊ လူပြည်သူများအား ဆေးကုသမှုပြုလုပ်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ သွားရောက် ကြည့်ရှု အားပေးကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများက ရဟန်း၊ ရှင်၊ လူပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးသည်။



ဆေးကုသမှုများ ပြုလုပ်ပေးရာတွင် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်ဦးဆောင်သော ဖျားနာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အကြောအဆစ်၊ အရေပြား၊ သွားခံတွင်း၊ ဓာတ်မှန် စသည့် ဘာသာရပ် ၁၀ ခုမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများက ကုသရေးဦးစီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ လွှမ်းခြုံမှုတိုးတက်ရေး၊ ပြည်သူ့ ဆေးရုံများ၏ ကုသမှုအရည်အသွေး မြင့်မားရေးနှင့်အညီ ဆေးရုံအခြေပြု ကုသရေးလုပ်ငန်းများ တိုးချဲ့ပြီး ကျေးလက်ဒေသအထိ ကွင်းဆင်း ဆေးကုသမှုဆောင်ရွက်ပေးကြခြင်းဖြစ်ကာ ခွဲစိတ်ရောဂါလူနာ ၂၅ ဦး၊ ကလေးလူနာ ၂၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၂၀၊ မျက်စိလူနာ ၄၂ ဦး၊ အရိုးအကြောလူနာ ၄၈ ဦး၊ အရေပြားလူနာ၀ါးဦး၊ သွားလူနာ၁၈ ဦး၊ သားဖွားမီးယပ်လူနာ ၃၇ ဦး၊ ဖျားနာလူနာ ၂၆၀ နှင့် Ultrasound လူနာ ၅၀၊ စုစုပေါင်းလူနာ ၅၂၈ ဦး လာရောက်ပြသကုသမှု ပြုလုပ် ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ကဝမြို့နယ် အလယ်ရွာကျေးရွာ၌ "ပန်းပျိုးသူ" စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်တို့က "ပန်းပျိုးသူ" စာကြည့် တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည် များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးတို့က စာကြည့်တိုက်အတွင်း သို့ လှည့်လည်ကြည့်ရှုကြပြီး သုတ/ရသစာအုပ် စာစောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ် ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်သူနှင့်ပူးပေါင်းကာ သုတေသနပြုခြင်းများ ဆောင်ရွက်ရမည်

**နေပြည်တော် ဇွန် ၂၈**

တောင်သူနည်းပညာဆွေးနွေးပွဲကို "တောင်သူများ ပူးပေါင်း ပါဝင်သော အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် AERDTC ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးသုတေသန ဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ပျဉ်းမနားနှင့် တပ်ကုန်းမြို့နယ်များမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရှင်နှင့် တောင်သူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးပညာရှင်များအနေဖြင့် စိုက်ပျိုးရေးပညာများကို အမြဲလေ့လာဆည်းပူးကာ တောင်သူ့အကျိုးစီးပွားကို အမြဲရှေးရှုသော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးအတွက် ဆန်းသစ်သောစိုက်နည်းစနစ်များကို တောင်သူများနှင့် သင့်တော်သည့် လက်တွေ့အသုံးချနိုင်သည့် အဆင့်ထိရောက်အောင် တောင်သူနှင့်ပူးပေါင်းကာ သုတေသနပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ ဒေါက်တာယုမွန်က မျိုးစေ့ထုတ်လုပ်နည်းစနစ်များ၊ ၂၀၂၄ – ၂၀၂၅ ခုနှစ် (RS) ထုတ်လုပ်မှုနှင့် (RS–CS) ထွက်ရှိမှု၊ ၂၀၂၅ – ၂၀၂၆ ခုနှစ် သီးနှံစုံစိုက်ပျိုးရန် မျိုးစေ့လိုအပ်ချက်များ၊ တောင်သူ ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးစေ့ကျေးရွာ တည်ထောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေး တက္ကသိုလ်နှင့် စိုက်ပျိုးရေး တက္ကသိုလ်အတွင်း ယာယီခိုလှုံနေထိုင်ကြသည့် ငလျင်ဘေးသင့် ဝန်ထမ်းများအား တွေ့ဆုံအားပေး စကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကလောမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ခါတော်မီသစ်မျိုး အပင်ပေါင်း ၂၀၆၀ စိုက်ပျိုး

**ကလော ဇွန် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာအနီး မိတ္ထီလာ– တောင်ကြီးကားလမ်း မိုင်တိုင် (၈၄/၁)၌ ဇွန် ၂၈ ရက် နံနက် ၈ နာရီက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။



ဦးစွာ ကလောတပ်နယ်မှူး ဗိုလ်မှူးချုပ် ကျော်သူရက အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်–၇၀၀) တပ်မှူး ဗိုလ်မှူးချုပ် စောရန်နိုင်တို့က အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များကိုလည်းကောင်း၊ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းက မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ပျိုးပင်များ ပေးအပ်ခဲ့ပြီး ခါတော်မီသစ်မျိုး အပင်ပေါင်း ၂၀၆၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ကလော)**

# မိုင်းရယ်မြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိုင်းရယ် ဇွန် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် သစ်တောဦးစီးဌာနက ဦးစီး၍ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က အမှတ်(၁)ရပ်ကွက် အောင်စေတီ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



ထိုသို့ပြုလုပ်ရာတွင် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမောင်မောင်၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများနှင့် ဝန်ထမ်းအဖွဲ့အစည်း၊ ဒေသခံများက မဲဇလီ ၄၉၀၊ ပျဉ်းကတိုး ၁၅၀၊ မန်ကျည်းရှား ၁၅၀၊ ကျွန်း ၅၀၊ ယမနေ ၆၀၊ ပိတောက် ၇၀၊ ပန်းဝါ ၃၀၊ ထင်းရှူး ၃၀၊ ထေဝပတ် ၄၀၊ ခရေ ၃၀ စုစုပေါင်း ပျိုးပင် ၁၁၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ မျိုးရင်ရင် သီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲ/ယာများရှိ ငလျင်ဒဏ်ကြောင့် အပြိုအပျက်များအား အဖွဲ့အသီးသီးက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် ရွှေဟင်္သာတိုက်သစ်၌ ရွှေဟင်္သာတိုက်သစ်ဆရာတော် အရှင်သဒ္ဓမ္မအမှူးပြုသော သံဃာတော် အရှင်သူမြတ်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံပျံလွန်တော်မူသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးသင့်ပြည်သူများအတွက် (၃)လပြည့် ကုသိုလ်အမျှအတန်းပေးဝေပွဲအခမ်းအနား တက်ရောက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

သုံးလပြည့်ရည်စူးကုသိုလ်အမျှအတန်းပေးဝေပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရွှေဟင်္သာတိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကိုနာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် မင်းတဲအီးကင်းရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**နေပြည်တော် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းမြို့နယ် ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နှစ်(၇၀၀) ပြည့် အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ငလျင်ဒဏ်ကြောင့် ပျောက်ဆုံးပျက်စီးသွားသော အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များရရှိမည့် ပြည်သူများ တက်ရောက်ကြသည်။


ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အမှာစကားပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား



စိစစ်ရေးကတ်များကို ပြည်သူများလက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်းမြင့်တက်သော်လည်း စက်သုံးဆီအလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ကြောင်း သိရှိရ

**နေပြည်တော် ဇွန် ၂၈**

ယခုသီတင်းပတ်ကာလများအတွင်း ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများသည် တစ်စည်လျှင် ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာခန့်အထိ မြင့်တက်ခဲ့သဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်ခဲ့ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားမှာ တည်ငြိမ်လျက်ရှိကြောင်း၊ ပြည်တွင်းတွင် စက်သုံးဆီများ အလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ကြောင်း သိရရသည်။

**သတင်းစဉ်**

# စစ်တွေတက္ကသိုလ်၌ မြန်မာအမျိုးသမီးများနေ့အကြို အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**စစ်တွေ ဇွန် ၂၈**
မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ်ဝင်းအတွင်း၌ဆောင်ရွက်ကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် တက္ကသိုလ်အဝင်မုခ်ဦးမှ ပင်မကျောင်းဆောင်ကြီး လမ်းဘေးဝဲယာတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ စာသင်ဆောင်များ၊ အားကစားရုံများနှင့် စာသင်ဆောင်သွားလမ်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် စစ်တွေတက္ကသိုလ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က တက္ကသိုလ်စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်ဆရာ ဆရာမများအိမ်ရာအား လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများ အိမ်ရာသန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည့်အစီအမံများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)





# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ရှင်းလင်းပြသပြီး လက်တွေ့သရုပ်ပြသ

**နေပြည်တော် ဇွန် ၂၈**
မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက်လက်တွေ့သရုပ်ပြ မဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြစ်ပေါ်လာပုံ၊ အသုံးပြုပုံနည်းစနစ်များနှင့် မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးမှုများ ပြုလုပ်ကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှု၊ နှံစပါးများဖြစ်ထွန်းနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၈**
နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးနိုင်ဦး၊ လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ သက်ကယ်ချင်းကျေးရွာအုပ်စု မှန်တောကျေးရွာတွင် နှံစပါးများစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ မှန်တောကွင်း၊ ကွင်းအမှတ် ၁၈၁၁ ရှိ တောင်သူ ဦးစိုးဝင်း၏ လယ်မြေလေးဧက၌ ဧရာမင်းစပါးမျိုးအား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှု အခြေအနေကိုလည်းကောင်း၊ တောင်သူ ဦးမင်းမင်း၏ နှံစပါး New_10 မျိုးစပါးလေးဧက အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။ ထို့နောက် ကျေးရွာမှ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများ မှန်ကန်စွာအသုံးချနိုင်ရေး၊ မိမိတို့ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာများ ပြုလုပ်အသုံးပြုရေး၊ ရာသီအလိုက်သုံးသီးအပြည့်စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်သီးညှပ်များစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းထက်ကျော်လွန်အောင်ထွက်ရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် ဒေသခံတောင်သူများက လိုအပ်ချက်များတင်ပြရာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါး၊ ဓာတ်မြေဩဇာ၊ လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်

**ဟုမ္မလင်း ဇွန် ၂၈**
၂၀၂၅-၂၀၂၆ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများ၊ အောင်နိုင်တိုးမျိုးစပါး၊ ဓာတ်မြေဩဇာ၊ လက်ဆွဲမျိုးစေ့ချကိရိယာ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စုစုထွေးက မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသောတောင်သူများအား အောင်နိုင်တိုးမျိုးစပါးသွင်းအားစု၊ ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ၊ တောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်၊ ဆေးဖျန်းပုံ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များကို ဟုမ္မလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကိုယ်စားပြုခရိုင်ရုံး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် စိုက်ပျိုးနည်းပညာ အသိပညာပေးဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသောတောင်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

ဟုမ္မလင်း(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# တူကီယဲ - အီရန် လေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲ



**အစ္စတန်ဘူလ် ဇွန် ၂၈**

တူကီယဲနှင့် အီရန်နိုင်ငံတို့ကြား လေကြောင်းခရီးစဉ် ၁၅ ရက်ကြာ ရပ်နားထားပြီးနောက် ဇွန် ၂၇ ရက်တွင် ပြန်လည်စတင်ခဲ့သည်ဟု တူကီယဲသယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး အဘူကစ်ဒီယာ ယူရာလော့လူ က ပြောသည်။

အီရန်နိုင်ငံ အရှေ့ပိုင်းမာရှက်ဒ်မြို့မှ အစ္စတန်ဘူလ်မြို့သို့ ပြေးဆွဲသည့် လေကြောင်းခရီးစဉ်များမှာ ဇွန် ၂၇ ရက်တွင် ပြန်လည်စတင်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ၁၅ ရက်ကြာ လေကြောင်းခရီးစဉ်များ ရပ်နားထားပြီးနောက် တူကီယဲနှင့် အီရန်တို့ကြား လေကြောင်းခရီးပျံသန်းပြေးဆွဲမှု ပြန်လည်စတင်လိုက်ခြင်းဖြစ်သည်ဟု ဝန်ကြီး အဘူကစ်ဒီယာယူရာလော့လူက လူမှုကွန်ရက်မီဒီယာပေါ်တွင် ဖော်ပြခဲ့သည်။

အီရန်နိုင်ငံအနောက်ပိုင်းရှိ တီဟီရန်နှင့် တက်ဘရစ်ဇ်မြို့များရှိ လေပိုင်နက်ကို ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း ဇူလိုင် ၂ ရက်မတိုင်မီအချိန်အထိ အဆိုပါကန့်သတ်ချက် ရှိနေဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၌ သောင်တင်နေသည့် တူကီယဲလေယာဉ်များကို အထူးခွင့်ပြုချက်ဖြင့် ပြန်လာနိုင်ရေး အီရန်အာဏာပိုင်များနှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း၊ အီရန်နိုင်ငံတွင် သောင်တင်နေသည့် တူကီယဲလေယာဉ် ခုနစ်စင်းရှိကြောင်း ယူရာလော့လူက ပြောသည်။

**ဆင်ဟွာ**

## ဥဇဘက်ကစ္စတန်နိုင်ငံ၏ ရွှေတင်ပို့မှု ငါးလအတွင်း ၅၄ ဒသမ ၈ ရာခိုင်နှုန်း တိုးလာ

**တပ်စ်ကင့် ဇွန် ၂၈**

ဥဇဘက်ကစ္စတန်နိုင်ငံ၏ ရွှေတင်ပို့မှုမှာ ၂၀၂၄ ခုနှစ်ကာလတူနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ် ပထမငါးလအတွင်း ၅၄ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ဇွန် ၂၇ ရက်ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ပထမငါးလအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ ရွှေတင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၉ ဘီလီယံအထိ တိုးမြင့်လာခဲ့ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ အမျိုးသားစာရင်းအင်းကော်မတီ၏ အချက်အလက်များအရ သိရသည်။

ပို့ကုန်ပစ္စည်းအားလုံးထဲတွင် ရွှေပါဝင်မှုသည်လည်း ၂၀၂၄ ခုနှစ်က ၃၇ ဒသမ ၁ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၄၃ ဒသမ ၈ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




## ခြောက်လအတွင်း အာဖဂန်ဒုက္ခသည် တစ်သန်းကျော် နေရပ်ပြန်လာ

**ကဘူးလ် ဇွန် ၂၈**

ယခုနှစ် အစပိုင်းမှစကာ အာဖဂန်ဒုက္ခသည် တစ်သန်းကျော်နေရပ်ပြန်လာကြောင်း ပြည်တွင်းမီဒီယာ တိုလိုနယူးစ်က ဇွန် ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

အရေးပေါ်အကူအညီမရှိပါက ပြည်တော်ပြန်များသည် စိန်ခေါ်မှုအမြောက်အမြားနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်အထူးကိုယ်စားလှယ် အင်ဒရီကာ ရက်ဝက်တ်၏ ပြောကြားချက်ကို တိုလိုက ကိုးကားဖော်ပြထားသည်။

အစီရင်ခံစာအရ အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ခြောက်သိန်းခန့်နှင့် ပါကစ္စတန်နိုင်ငံမှ ၂၈၂၀၀၀ မှာ လွန်ခဲ့သည့်ခြောက်လကျော်အတွင်း နေရပ်ပြန်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်

**မနီလာ ဇွန် ၂၈**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်တွင် ဇွန် ၂၈ ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ဗေဒအဖွဲ့က ပြောသည်။

အဆိုပါငလျင်သည် ဒါဗာအိုအော့စီဒန်တယ်ပြည်နယ် ဆာရန်ဂါနီမြို့၏ အရှေ့တောင်ဘက် ၈၅ ကီလိုမီတာခန့်အကွာ အနက် ၇၉ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၀၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ငလျင်လှုပ်ခတ်မှုကြောင့် နောက်ဆက်တွဲငလျင်ငယ်များ ထပ်မံလှုပ်ခတ်နိုင်သော်လည်း ဆူနာမီအန္တရာယ်မရှိကြောင်း အဆိုပါအဖွဲ့က ပြောသည်။

ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်ပြီး ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို ရှင်းရှင်းလင်းလင်းမသိရသေးချေ။ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးကွင်းဒေသတစ်လျှောက် တည်ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မကြာခဏငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားလေ့ရှိသည်။

**ဆင်ဟွာ**

## အီတလီရှိ မြို့ကြီးများတွင် အပူလှိုင်းကြောင့် ကျန်းမာရေးသတိပေးချက်များ ထုတ်ပြန်

**ရောမ ဇွန် ၂၈**

အီတလီနိုင်ငံ၏ ယခုနှစ်အတွင်း ပထမဆုံး အပူလှိုင်းမှာ ယခုသီတင်းပတ်အတွင်းပို၍ ပြင်းထန်လာမည်ဖြစ်ပြီး အချို့သောဒေသများတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း အီတလီအာဏာပိုင်များက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၇ ရက်နှင့် ယခုသီတင်းပတ်ကုန်အတွက် မီလန်၊ တူရင်းမြို့တို့အပါအဝင်အခြားသော မြို့ကြီး ၁၂ မြို့အတွက် အနီရောင်သတိပေးချက်များ ထုတ်ပြန်ထားသည်။

အနီရောင် သတိပေးချက်အောက်ရှိ မြို့ကြီးများမှာ ဇွန် ၂၈ ရက်တွင် ၁၇ မြို့နှင့် ဇွန် ၂၉ ရက်တွင် ၂၁ မြို့ထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။ အီတလီနိုင်ငံ၏ပျမ်းမျှအပူချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က ၁၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်နှင့် နှိုင်းယှဉ်လျှင် ၁၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်မြင့်တက်လာသည့်အတွက် အပူလှိုင်းစတင်လာသည်ဟု အီတလီမိုးလေဝသ စောင့်ကြည့်ရေး ဆိုက်ဖြစ်သည့် အိုင်အယ်လ် မီတီယိုတွင် ဖော်ပြထားသည်။

ပင်လယ်ရေအပူချိန် မြင့်တက်လာခြင်းမှာ အပူချိန်မြင့်မားလာခြင်း၏ အဓိကအချက်ဖြစ်ကြောင်း အိုင်အယ်လ်မီတီယိုမှ မိုးလေဝသပညာရှင် လော်ရန်ဇို တက်ဒီစီက ပြောသည်။

**ဆင်ဟွာ**





## အီသီယိုးပီးယား၌ ၁၁ လအတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံ ရရှိ

**အဒစ္စအဘာဘာ ဇွန် ၂၈**

အီသီယိုးပီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၁၁ လအတွင်း ကော်ဖီတန်ချိန် ၄၀၉၀၀၀ ပြည်ပသို့တင်ပို့ခဲ့ရာ အခွန်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံ ရရှိခဲ့သည်ဟု အီသီယိုးပီးယားလက်ဖက်နှင့် ကော်ဖီအာဏာပိုင်အဖွဲ့က ဇွန် ၂၇ ရက်တွင် ပြောသည်။

ယခုနှစ် ဘဏ္ဍာနှစ်အတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၁ သန်း ထုတ်လုပ်နိုင်ခဲ့သည်ဟု အီသီယိုးပီးယားလက်ဖက်နှင့် ကော်ဖီအာဏာပိုင်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ရှာဖီအူမာက ပြောသည်။

ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် သိသိသာသာ အထွက်တိုးလာကြောင်း ၎င်းကဆက်ပြောသည်။ ကော်ဖီအထွက်နှုန်း တိုးလာရခြင်းမှာ အစိုးရ၏ ဦးဆောင်မှုဖြင့် ကော်ဖီအဆက်မပြတ် စိုက်ပျိုးခြင်းကြောင့် ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

နိုင်ငံအတွင်း ကော်ဖီထုတ်လုပ်မှုအခြေအနေကို ခန့်မှန်းမှုများ လုပ်ဆောင်နေပြီး မည်သည့်ဒေသများတွင် ထုတ်လုပ်မှုအားကောင်းပြီး မည်သည့်ဒေသများတွင် ထုတ်လုပ်မှုပြဿနာရှိသည်ကို ဖော်ထုတ်နေကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# ကလေးမြို့၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

ကလေးမြို့၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၆ ရက် ညနေ ၅နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးမြို့ ချမ်းမြေ့အောင်စည် ရပ်ကွက် နယ်မြေ (၂) မနောသုခလမ်းတွင် မွန်မွန်အောင် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀)ဖမ်းဆီးရမိသဖြင့် မွန်မွန်အောင်(၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။



အလားတူ ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် သတင်းအရ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းတွင် လမ်းလျှောက်လာသူ ဖူးပွင့်သွယ်(ခ) စန်းစန်းထွေး(ခ) သေးသေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀) ဖမ်းဆီးရမိ သဖြင့် ဖူးပွင့်သွယ်(ခ)စန်းစန်းထွေး(ခ) သေးသေး (၂၉) နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်စစ်ကစားသမား အမ်ဗျူမိုအတွက် မန်ယူအသင်း၏ ထပ်တိုးကမ်းလှမ်းမှုကို ဘရန့်ဖို့ဒ်အသင်း ပယ်ချ

ဘရိုင်ယန် အမ်ဗျူမိုအတွက် ပြောင်းရွှေ့ကြေး ပေါင် ၆၂ ဒသမ ၅ သန်းအထိ ရှိသော မန်ယူအသင်း၏ ထပ်တိုး ကမ်းလှမ်းမှုတစ်ရပ်ကို ဘရန့်ဖို့ဒ်အသင်းက ပယ်ချလိုက်ကြောင်း သိရသည်။

မန်ယူအသင်းသည် အသက် ၂၅ နှစ်အရွယ် အဆိုပါကစားသမား




အတွက် ပြောင်းရွှေ့ကြေး ပေါင် ၅၅ သန်းအပြင် အပိုဆုကြေး ပေါင် ၇ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းမှု ပြုလုပ်လိုက်ခြင်း ဖြစ်သည်။ ယခုလအစောပိုင်းတွင် ကင်မရွန်း တိုက်စစ်ကစားသမား အမ်ဗျူမို အတွက် ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းအပြင် အပိုဆုကြေး ပေါင် ၁၀ သန်းဖြင့် မန်ယူအသင်း၏ ကနဦးကမ်းလှမ်းမှု တစ်ရပ်ကိုလည်း ဘရန့်ဖို့ဒ်အသင်းက ပယ်ချထားသည်။

မန်ယူအသင်းသည် ဝုဖ်အသင်းမှ တိုက်စစ်ကစားသမား မက်သီးယပ်စ် ကွန်ညာကို ခေါ်ယူပြီးနောက် ယခုအခါ အသင်း တိုက်စစ်ပိုင်းကို ထပ်မံအားဖြည့်လိုသည့်အတွက် အမ်ဗျူမိုကို ခေါ်ယူရန် လုပ်ဆောင်နေခြင်း ဖြစ်သည်။ အမ်ဗျူမိုသည် ပြီးခဲ့သည့်ရာသီတွင် ဘရန့်ဖို့ဒ်အသင်းအတွက် ဂိုး ၂၀ သွင်းယူပေးထားပြီး ကိုးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

အမ်ဗျူမိုသည် ၂၀၁၉ ခုနှစ်တွင် ပြင်သစ်ကလပ် ထရွိုင်းယပ်စ် အသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပြိုင်ပွဲအရပ်ရပ်တွင် အသင်းအတွက် ပွဲပေါင်း ၂၄၂ ပွဲ ပါဝင်ကစားထားပြီး ဂိုးပေါင်း ၇၀ သွင်းယူပေးထားသည်။

မန်ယူအသင်းသည် အမ်ဗျူမိုကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူနိုင်ခဲ့သော်လည်း မော်ရိုကိုနိုင်ငံ၌ ကျင်းပမည့် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲတွင် ကင်မရွန်း အသင်း ပါဝင်ယှဉ်ပြိုင်ကစားမည် ဖြစ်သောကြောင့် ၂၀၂၅-၂၀၂၆ ရာသီ သီတင်းလေးပတ်ကျော်အထိ လက်လွှတ်ရဖွယ်ရှိနေသည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် အဖွင့်ပွဲစဉ်တွင် အသင်းကြီး အာဆင်နယ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

◆ *ကျောဖုံးမှ*

ငွေကျပ် ၈၅၄၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ Singapore Airlines လေယာဉ်ခရီးစဉ်အမှတ် SQ-762/ SF – 6049 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည် တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၈၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၁၆၄ တန်၊ သစ်မာ ၀ ဒသမ ၆၉၀ တန်၊ အခြားသစ် ၄ ဒသမ ၄၅၈တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၄၇၅၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မြို့သစ် (၆)ရပ်ကွက် ရွှေနံ့သာလမ်း အိမ်အမှတ်(၉-ခ)ရှိ ဂိုဒေါင် တစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြေနီလမ်း ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၄ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၄၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၃၆၀၂၂၅၉)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။**သတင်းစဉ်**



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လေ့ကျင့်စဉ်။

## ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C) ပွဲစဉ်များ စတင်ကျင်းပမည်

**ရန်ကုန် ဇွန် ၂၈**

၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C) ပွဲစဉ်များကို ဇွန် ၂၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် တာ့ခ်မင်နစ္စတန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စု (C) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့်အတူ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲအားလုံးကို ဇွန် ၂၉ ရက်၊ ဇူလိုင် ၂၊ ၅ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု (C) ပွဲစဉ်များအဖြစ် ဇွန် ၂၉ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘာရိန်းအသင်း၊ ည ၇ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးရပ်တည်မှုရ တစ်သင်းစီသာ ခြေစစ်ပွဲအောင်မည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် အုပ်စုချောင်သော်လည်း ပွဲတိုင်းအာရုံစိုက်ကစားရန် လိုအပ်နေသည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ်-ယုကီတက်ဆုရို၊ အားကစားသမားအဖြစ် ဂိုးသမား-မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ အိစန္ဒာဇော် (ရောဝတီ)၊ ဖူးလတ်နဒီ (အား/ကာသိပ္ပံ)၊ နောက်တန်း-နှင်းပွင့်အေး၊ လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ ဖြူဖွေး၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ ဖူးလတ်နဒီ၊ ဖြူဖြူဝင်း (ရောဝတီ)၊ ဆောင်းနှင်းဖွေး၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ အလယ်တန်း-နော်ထက်ထက်ဝေ (ရောဝတီ)၊ ရွှေရည်ထွန်း၊ မိုးမိုးသန်း (အား/ကာသိပ္ပံ)၊ ဝင်းဝင်း၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-ဝင်းသိင်္ဂီထွန်း (ဆာဘား၊ မလေးရှား)၊ စန်းသော်သော် (ရောဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်)နှင့် မေထက်လူ (Los Angeles Pierce College-အမေရိကန်) တို့ ပါဝင်ကြသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❑ *ကျောဖုံးမှ*

နုတ်ထွက်ခဲ့သဖြင့် ဂျိုရှူအာဗန်နှင့် အစားထိုးခဲ့ခြင်းဖြစ်သည်။

ဂျိုရှူအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ စုစုပေါင်း ၁၆ ပွဲထိုးသတ်ရာတွင် ၁၄ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး UFC နှင့် ရှစ်ပွဲထိုးသတ်ရာတွင် ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျိုရှူအာဗန်သည် UFC နှင့် နောက်ဆုံးလေးပွဲဆက်တိုက် အနိုင်ရထားသူဖြစ်သည်။ ဘရန်ဒန်ရွိုင်ဗယ်သည် UFC နှင့် ၁၀ ပွဲထိုးသတ်ရာတွင် ခုနစ်ပွဲ အနိုင်ရရှိထားသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-UFC**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပုသိမ်မြို့ ကန်သုံးဆင့်ရေပြင်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်



**ပုသိမ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကန်သုံးဆင့်ရေပြင်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၂၆ ရက်က ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မြစ်ကမ်းပါးပြိုကျသည့်ဖြစ်စဉ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုသရုပ်ပြသခြင်း၊ ဝါးဖောင် မီးလောင်မှုဖြစ်စဉ်တွင် မီးငြိမ်းသတ်ရေးဆောင်ရွက်မှုနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ ဆောင်ရွက်ခြင်း၊ စက်လှေများ တစ်စင်းချင်းရှေ့နောက်စီတန်း သရုပ်ပြသခြင်း၊ စက်လှေများ ရင်ပေါင်တန်း၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အလံ ကိုယ်စားပြုသည့် အရောင်သုံးရောင်ကို ရောင်စုံရေပက်ဖျန်း သရုပ်ပြသခြင်းများ ကြည့်ရှုအားပေးခဲ့ပြီး ခေတ်မီရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ခရိုင်(ပြန်/ဆက်)

## ကျောင်းကုန်းမြို့ လှည်းဆိပ်ကျေးရွာသို့ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေး



**ကျောင်းကုန်း ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် လှည်းဆိပ်ကျေးလက်ကျန်းမာရေးဌာနအပိုင် ရွှေဘုန်းမြင့် ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ဇွန် ၂၅ ရက်က ကွင်းဆင်းကုသပေးသည်။

အဆိုပါ ကွင်းဆင်းဆေးကုသရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုက်လံကြည့်ရှု၍ အားပေးကာ အာဟာရဒါနများ လှူဒါန်းခဲ့ကြသည်။ ဝင်းကြိုင်(ပြန်/ဆက်)

## ဇနေဖြူမြို့နယ်၌ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဇနေဖြူ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဇနေဖြူမြို့နယ်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်း ခိုးယူမှုများကို ကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်စုပြည့်က အမျိုးသမီးများဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီမြင့်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ အသိပညာပေး ပြောကြားသည်။ ဆက်လက်၍ မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဌေးက တရားမဝင်လူကုန်ကူးမှု၊ သက်ငယ်မုဒိန်းမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှု အကြောင်းအရာများကို အသိပညာပေးပြောကြားပြီး မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ ရဲတပ်ကြပ်လှမျိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေး ဟောပြောသည်။



အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ၂၀၂၅ ခုနှစ် ကမ္ဘာ့အဒေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၈**

၂၀၂၅ ခုနှစ် ကမ္ဘာ့အဒေးပေး ပစ္စည်းများနေ့ (World Refrige-ration Day) အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ အထိမ်းအမှတ် ဆောင်ပုဒ် "Cool Skills" "အအေးပေးပစ္စည်း နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေး အလေးထား ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဗီဒီယိုပြသသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး တက်ရောက်လာသူများအား ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ စာအုပ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

နေလင်း(ပြန်/ဆက်)

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ပန်းပင်ချောင်ရပ်ကွက် ဖွံ့ဖြိုးရေးလမ်းမကြီးဘေး၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၆ ရက်က ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနတို့က ပျိုးပင်များကို ပေးအပ်ပြီး တက်ရောက်လာသူများနှင့်အတူ မန်ဂျန်ရှား ပျိုးပင် ၅၀၀ တို့ကို စတင်စိုက်ပျိုးဆောင်ရွက်ကြကြောင်း သိရသည်။

မျိုးလှိုင်





## မော်ဘီမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အခမ်းဖွင့်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မာလကာကုန်းပိုင်း သန္တေပင်ကျေးရွာအုပ်စု အာယုသုခဓမ္မပါလဘုန်းတော်ကြီးကျောင်းတိုက်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇွန် ၂၆ ရက်က အခမ်းဖွင့်လှစ်ပေးသည်။

သင်တန်းဖွင့်ပွဲတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး မော်ဘီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို တက်ရောက်လာကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားသင်တန်းသူများအား ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇွန် ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)



## ဘီးလင်းမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

**ဘီးလင်း ဇွန် ၂၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဇွန် ၂၆ ရက်က အ.ထ.က (ရွှေလှေ)ကျောင်း၌ ဆောင်ရွက်ပေးသည်။

အဆိုပါ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်နှင့် တိုက်နယ်မှူးဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို Biographic & Biometric အချက်အလက်များ ကောက်ယူ၍ ကျောင်းသား ကျောင်းသူ ၆၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာစည်မြို့၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်

**သာစည် ဇွန် ၂၈**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အထက(၁)၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ဇွန် ၂၇ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတလူမှုကူညီရေးအဖွဲ့များ၊ အထက(၁) သာစည်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြည့်ရှုအားပေးသည်။

ချမ်းသာ(မိတ္ထီလာ)

# မြောင်းမြမြို့၌ သစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**မြောင်းမြ ဇွန် ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ယမန်နေ့က ဂုန်နီစက်ရုံဝင်းအတွင်း၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကား ပြောကြားပြီး စိုက်ပျိုးမည့် ပျိုးပင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုတို့က တာဝန်ရှိသူများထံ ပေးအပ်ပြီး မန်ကျည်းဂုန်ရှား၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကျွန်း၊ ခရေ စသောသစ်မျိုးများ ပါဝင်သည့် ပျိုးပင်ပေါင်း ၁၀၅၀ ကို စုပေါင်းပါဝင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အောင်ဖြိုး



# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ခရိုင်အမျိုးသမီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျောက်တံတား ဇွန် ၂၈**
ရန်ကုန်တိုင်းဒေသကြီး ခရိုင်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့်ခရိုင်အမျိုးသမီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန အနောက်ပိုင်းခရိုင် ဦးစီးမှူး ဒေါ်ခင်ယုဒါရီက ကျောက်တံတားခရိုင်အတွင်းရှိ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် ကာကွယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ မျိုးစပါး၊ သွင်းအားစုများ ပေးအပ်

**ကော့သောင်း ဇွန် ၂၈**
ကော့သောင်းမြို့နယ် မြို့နယ်သမဝါယမအသင်းစု ပံ့ပိုးငွေဖြင့် မျိုးစပါး၊ သွင်းအားစု ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကော့သောင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးက ရွှေဝါထွန်းဘက်စုံစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ကိုးဦး၏ လယ်ဧက ၄၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် မျိုးစပါး၊ သွင်းအားစု မတည်ရင်းနှီး ငွေကျပ် ၉၂ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# ကော်ဖီပျိုးပင်နှင့် ကိုကိုးပျိုးပင်များ အခမဲ့ဖြန့်ဝေ

**ခမောက်ကြီး ဇွန် ၂၈**
တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ခမောက်ကြီးမြို့အတွင်း ကျေးရွာများရှိ တောင်သူများအား ကော်ဖီ၊ ကိုကိုးပျိုးပင်များ အခမဲ့ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဇော်က အမှာစကားပြောကြားပြီး ခမောက်ကြီးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးထိန်လင်းက လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ကော်ဖီ၊ ကိုကိုးပျိုပင်များကို အခမဲ့ဖြန့်ဝေပေးအပ်ပြီး ခမောက်ကြီးမြို့ စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးသီတာ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးကျော်စွာမင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးဆန်းဝင်းအောင်နှင့် ခရိုင် ၁၀ မိုင်ဥယျာဉ်ခြံဦးစီးမှူး ဒေါ်ရီရီစိန်တို့က ကော်ဖီနှင့် ကိုကိုးစိုက်ပျိုးခြင်း နည်းပညာပေးသင်တန်းကို ပို့ချခြင်း၊ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခမောက်ကြီး(ပြန်/ဆက်)



# စိုက်ပျိုးထုတ်လုပ်မှုအထောက်အကူပြု AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေး ဆောင်ရွက်

**ဘုတ်ပြင်း ဇွန် ၂၈**
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအနေဖြင့် ခေတ်မီနည်းပညာများ လက်လှမ်းမီစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေသည့် AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေးလုပ်ငန်းကို ဇွန် ၂၄ ရက်က သပြေခန်းမ၌ သင်ကြားပေးသည်။

အဆိုပါ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဝင်းက AI နည်းပညာများကို သင်ကြားပို့ချပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာသော တောင်သူများ၏ ဖုန်းထဲသို့ ဆော့ဖ်ဝဲလ်များ ထည့်သွင်းပေးခြင်း၊ အသုံးပြုသည့်နည်းလမ်းများကို စမ်းသပ်ပြသခြင်း စသည့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ရပ်ကွက်၊ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၄၅ ဦးတို့အား AI ဉာဏ်ရည်တုနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဘုတ်ပြင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံ

**ဘုတ်ပြင်း ဇွန် ၂၈**
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ နိုင်ငံ့ဝန်ထမ်းများနှင့် အသက်(၁၈)နှစ်နှင့်အထက် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး Pfizer Comirnaty JN-1 (Grey Cap) ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇွန် ၂၄ ရက်က ဘုတ်ပြင်းမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ထိုးနှံပေးသည်။

ဦးစွာ ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အသက်(၁၈)နှစ်နှင့်အထက် ဝန်ထမ်းမိသားစုဝင်များအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းကျော်နှင့် ကျန်းမာရေးဝန်ထမ်းများ စာရင်းရေးသွင်းခြင်းနှင့် သွေးပေါင်ချိန်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပေး၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စနစ်တကျထိုးနှံပေးလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇွန် ၂၈**

ကယားပြည်နယ်မှ လွိုင်ကော်မြို့ သန့်ရှင်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးခေါ်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ဒေါဥခူပရိယတ္တိစာသင်တိုက်ပြန်လည်ပြုပြင်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၍ ပြည်နယ်လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါဥခူပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရအား ဖူးမြော်ကြည်ညို၍ ကျောင်းတိုက်သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းတိုက်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ကုသိုလ်ပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ကျောင်းတိုက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သိမ်တော်၊ ဓမ္မာရုံ၊ ဆွမ်းစားဆောင်များ၊ ဆရာတော်သီတင်းသုံးသည့် အဆောင်များနှင့် အလှူရှင်များက ပြင်ဆင်ပေးလျက်ရှိသော ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သာသနာရေးဦးစီးဌာန တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်၊ သံဃာတော်များ ပြန်လည်သီတင်းသုံးနိုင်ရေးအတွက် ဦးစားပေးပြုပြင်ပေးရမည့် ကျောင်းတိုက်များကို အမြန်ပြန်လည်ပြုပြင်ပေးနိုင်ရေး တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ရန်ပုံငွေဖြင့် လွိုင်ကော် - ဟိုပုံး လမ်းပိုင်းတွင် Box Culvert တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးရေးဆောင်ရွက်ရန်နှင့် အများပြည်သူ လမ်းအသုံးပြုမှု အဆင်ပြေစေရေးအတွက် လမ်းညွှန်များကို စနစ်တကျဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့်ကာယပညာသိပ္ပံ အားကစားကွင်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်လက်ရွေးစင်အားကစားသမားများ၏ တာတို၊ တာလတ် အပြေးလေ့ကျင့်မှုများ၊ စံချိန်ယူမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အားကစားသမားများအား အားကစားစိတ်ဓာတ်ထားရှိ၍ ကောင်းသောယှဉ်ပြိုင်မှုဖြင့် ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ် လက်ရွေးစင်မှ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင် ရည်မှန်းချက်ထား၍ ကြိုးစားကြရန်မှာကြားပြီး အားကစားသမားများနှင့်နည်းပြများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။**ပြည်နယ်(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကစ်ဘောက်ဆင်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အာရှကစ်ဘောက်ဆင်အဖွဲ့ချုပ်နည်းစနစ်များ ဆွေးနွေး

**ရန်ကုန် ဇွန် ၂၈**

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကစ်ဘောက်ဆင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အာရှကစ်ဘောက်ဆင် ကွန်ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံ ကစ်ဘောက်ဆင်အဖွဲ့ချုပ်သို့ကစ်ဘောက်ဆင်နည်းစနစ်များနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အာရှကစ်ဘောက်ဆင် ဥက္ကဋ္ဌ Mr. Nassiri က ကစ်ဘောက်ဆင်နည်းပြများ၊ ဒိုင်များ၏ နည်းစနစ်ဆိုင်ရာ အသိပညာများ မြှင့်တင်ရန် အာရှကစ်ဘောက်ဆင်ကွန်ဖက်ဒရေးရှင်း၏ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီသော ဒိုင်လူကြီးလုပ်ငန်းစဉ်များ ချမှတ်ရန်၊ ဆီးဂိမ်းအတွက် သီးသန့်သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သုံးသပ်အသုံးချရန် စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် အာရှကစ်ဘောက်ဆင် ကွန်ဖက်ဒရေးရှင်း၏ နည်းစနစ် ဒါရိုက်တာ မစ္စတာလင်းက နောက်ဆုံးရ ပြင်ဆင်ထားသော စည်းမျဉ်းများနှင့် အမှတ်ပေးစံနှုန်းများ၊ ပြိုင်ပွဲစီမံခန့်ခွဲမှုနှင့် ကန့်ကွက်တင်ပြသည့် လုပ်ထုံးလုပ်နည်းများ၊ ဆေးဘက်ဆိုင်ရာနှင့် အားဆေးသုံးစွဲမှု၊ ကာကွယ်ရေးစည်းကမ်းချက်များ ယခင်ကျင်းပခဲ့သော ဆီးဂိမ်းနှင့်အာရှချန်ပီယံပြိုင်ပွဲများနှင့် လေ့လာမှုကိစ္စများနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုများကို ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကစ်ဘောက်ဆင်ဥက္ကဋ္ဌ ဦးကျော်ရန်နိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အမှုဆောင်များ၊ နည်းစနစ်၊ ကြိုးဝိုင်းဒိုင်၊ အမှတ်ပေးဒိုင်များနှင့် အားကစားသမား ၆၀ ကျော် တက်ရောက်ကြသည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းနိုင်ငံက ကစ်ဘောက်ဆင်ပြိုင်ပွဲတွင် အမျိုးသား ငါးတန်း၊ အမျိုးသမီး သုံးတန်း ထည့်သွင်းထား၍ မြန်မာနိုင်ငံမှ အတန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ဘိုကလေးမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဘိုကလေး ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ပြုလုပ်ရာ ဘိုကလေး-ကြိမ်ချောင်းကားလမ်းဘေး၊ မိုင် ၄/၃ မှ ၅/၁ အထိ စိုက်ပျိုးကြသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က ပျိုးပင်များ ပေးအပ်ပြီး တက်ရောက်ကြသူများအားလုံးစုပေါင်းကာ ဒေသနှင့်ကိုက်ညီသည့်သစ်မျိုးများ၊ အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက်ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်ကြသည့် မဟော်ဂနီ၊ မန်ကျည်းရှား၊ မာလာလူးကား စသည့်သစ်မျိုးသုံးမျိုး စုစုပေါင်းအပင် ၁၂၁၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကျင်းပ

**အိမ်မဲ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ပြေစာအခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြည်တွင်း အခွန်များ ဦးစီးဌာနရုံး၌ ကျင်းပသည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်အေးမြကျော်က ပြည်တွင်းအခွန်များ ဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များ၊ အခွန်အကြောင်းသိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြေစာအပေါ်အခွန်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **အိမ်မဲ(ပြန်/ဆက်)**

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မြို့နယ်အသီးသီး၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲများ ကျင်းပ

**ဓနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ အခွန်ပညာရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းပက အခွန်ဆိုင်ရာ တည်ဆဲဥပဒေများ၊ အခွန်အမျိုးအစားများ၊ ပြေစာများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် သိကောင်းစရာများ၊ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**





**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဇွန် ၂၆ ရက်က အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပန်းတနော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းဝင်းက အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားရာတွင် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများ၊ ရွှေနှင့်လက်ဝတ်ရတနာများ ရောင်းချခြင်းလုပ်ငန်းများ၊ လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပေးသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အခွန်ဦးစီးဌာနရုံး၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က ပြုလုပ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နှင်းနှင်းဆွေက အခွန်ဆိုင်ရာ တည်ဆဲဥပဒေများ၊ အခွန်အမျိုးအစားနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် တည်ဆဲအခွန်ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ **လွှမ်းသီဟ (ပြန်/ဆက်)**



## လပွတ္တာမြို့နယ်၌ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကျောင်းသား ကျောင်းသူများအား ပံ့ပိုးပစ္စည်းများပေးအပ်

**လပွတ္တာ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် (၃)မိုင်မြို့ အခြေခံပညာနှင့် စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်းတွင် ဇွန် ၂၆ ရက်က စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကျောင်းသား ကျောင်းသူများအား ပံ့ပိုးပစ္စည်းများပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားခြင်း၊ ခရိုင်ပညာရေးမှူး ဦးသန်းမောင်က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်ခြင်းဖြင့် ရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းများ အကြောင်း ရှင်းလင်းပြောကြားခြင်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနွယ်နွယ်အောင်က သင်ထောက်ကူပစ္စည်းများ ပေးအပ်ရခြင်း အကြောင်းနှင့် မွေးမြူရေးအတတ်ပညာဘာသာရပ် တက်ရောက်ခြင်းဖြင့် ရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းများ အကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ချီးမြှင့်ငွေ၊ ကျောင်းသုံးစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေး ကွင်းသရုပ်ပြ

**ကျောက်ဆည် ဇွန် ၂၈**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်များရှိ တောင်သူများအား ဝါသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇွန် ၂၆ ရက်က ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က အမှာစကားပြောကြားပြီး ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်) ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်က ခြံ၏ ရည်ရွယ်ချက်များနှင့် ဝါသီးနှံ ပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးသွားသင့်သည့် နည်းလမ်း ၁၀ ချက်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။



ကွင်းသရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူများလာရောက်လေ့လာကြောင်း သိရသည်။ **မောင်ကျော်ကြီး**

## စဉ့်ကိုင်မြို့နယ်၌ မိုးစပါးအထွက်တိုးမျိုးစေ့ သွင်းအားစုများနှင့်မျိုးစေ့ချကိရိယာများ ပေးအပ်

**စဉ့်ကိုင် ဇွန် ၂၈**

စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာနမှ ဆောက်အင်းကျေးရွာနှင့် တအုံ(ရှေ့)ကျေးရွာများမှ မိုးစပါး စီမံကိန်းသီးနှံစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား မိုးစပါးမျိုးစေ့သွင်းအားစုများနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ဆောက်အင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက မိုးစပါးတောင်သူများ အနေဖြင့် မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး တစ်ဧကပန်းတိုင် အထွက်နှုန်း ရရှိရေးတို့ကို ဆွေးနွေးပြီး ဆောက်အင်းကျေးရွာမှ အသင်းသားတောင်သူ ၃၉ဦး၊ တအုံ(ရှေ့)ကျေးရွာမှ အသင်းသားတောင်သူ ၄၄ ဦး စုစုပေါင်း ၈၃ ဦးတို့အား ဧရာမင်း၊ ဧရာပဒေသာစပါးမျိုးစေ့၊ ရှုရှားရွက်ဖြန်းဆေး၊ စမ်းဝတီသဘာဝမြေဩဇာ၊ စပါးမျိုးစေ့ချကိရိယာတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့် ရောင်းဝယ်ရေးသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့် ရောင်းဝယ်ရေးသမဝါယမအသင်း၏၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၇ ရက် နံနက် ၁၁ နာရီက ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။



ယင်း အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးလှတင့်က ဆောင်ရွက်ပြီး အသင်း ကိစ္စများကို ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်းက သမအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ၂၀၂၄-၂၅ဘဏ္ဍာနှစ်အမှုဆောင် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာများကို အသင်းအမှုဆောင် နှစ်ဦးက ဖတ်ကြားရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး https://sacoffice.gov.mm | ၃။ | ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm | ၅။ | Myawady Webportal https://myawady.net.mm |
| ၂။ | ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm | ၄။ | ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm | ၆။ | Myanmar National Portal https://myanmar.gov.mm |

# ဒက္ခိဏသီရိမြို့နယ် ပျဉ်ထောင်ကျေးရွာ၌ အလင်းရောင်စာကြည့်တိုက်ဖွင့်

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကူနစ်လုံး ဆည်စုကျေးရွာအုပ်စု ပျဉ်ထောင်ကျေးရွာ၌ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဆောက်လုပ်သည့် "အလင်းရောင်" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်တို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ နေပြည်တော်ကောင်စီမှ မတည်အလှူငွေကျပ် နှစ်သိန်းနှင့်စာအုပ်စာစောင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပေးအပ်သည့် DTH စလောင်းနှင့် Set top Box များအား လှူဒါန်းခဲ့ပြီး ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် စာအုပ်စာစောင်များ၊ အများပြည်သူက လှူဒါန်းသည့် အလှူငွေနှင့်စာအုပ်စာစောင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**




# မြစ်သားမြို့နယ်၌ မြို့နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြစ်သား ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သစ်တောဦးစီးဌာနက မြို့မအရှေ့ရပ်ကွက် ကျီတော်ကုန်း အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုဖြင့် ယမန်နေ့က စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက မယ်ဇယ်ပင်၊ ယူကလစ်ပင်နှင့် ကုက္ကိုပင်တို့ကို ဦးဆောင်စိုက်ပျိုးခဲ့သည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြစ်သားမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မယ်ဇယ်ပင်၊ မဲဇလီပင်၊ ကုက္ကိုပင်၊ မန်ကျည်းပင်၊ ယူကလစ်ပင်၊ စိန်ပန်းပင် အရိပ်ရပင် စုစုပေါင်း ၄၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သီတာအောင်(မြစ်သား)**



# အလုံမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အောင်ဇေယျရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို ယမန်နေ့က အဆိုပါ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက သမဝါယမလုပ်ငန်းစဉ်အသင်း ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသား ၂၀၇ ဦးအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးနှင့် အစုအပေါ် အမြတ်တို့အတွက် ငွေကျပ် ၆၁၄၂၉၅၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။



**ယောရော(ပြန်/ဆက်)**

# မိတ္ထီလာခရိုင်တွင် မြေလျှင်အာမခံလျော်ကြေးငွေများပေးအပ်

**မိတ္ထီလာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ မြန်မာ့အာမခံလုပ်ငန်းမှ မီးအာမခံနှင့် မြေလျှင် အပို အကာအကွယ် ယူထားသည့် ပေါ်လစီရှင်များအား မြေလျှင်အာမခံလျော်ကြေးငွေပေးအပ်ပွဲကို ယမန်နေ့က မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာ ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင် တာဝန်ခံ ဦးဌေးလွင်က အာမခံလုပ်ငန်းများ အကြောင်းနှင့် မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင်ရုံးမှ ပေးချေခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်း ကိုယ်စားလှယ် ဦးထွန်းထွန်းဇော်က စက်မှုလုပ်ငန်း အန္တရာယ်အလုံးစုံအာမခံ(IAR)အကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာ့အာမခံလုပ်ငန်းကိုယ်စားလှယ် ဦးဘလွင်ဦးက အသက်အာမခံ၊ ကျန်းမာရေး အာမခံ၊ ပညာရေးအာမခံစသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင်ရုံးမှ မီးအာမခံနှင့် မြေလျှင်အပို အကာအကွယ် ယူထားသည့်ပေါ်လစီရှင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ မြန်မာ့အာမခံလုပ်ငန်း မိတ္ထီလာခရိုင်တာဝန်ခံ ဦးဌေးလွင်နှင့် တာဝန်ရှိသူများက မြေလျှင် အာမခံလျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# မအူပင်မြို့၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ




**မအူပင် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အခွန်ပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးသော်က အခွန်အမျိုးအစားများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ် အထက(၂)ကျောင်း၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးအကြောင်း ဟောပြော

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထက(၂)ကျောင်း၌ ဆေးလိပ်နှင့် ဆေးရွက်ကြီး အကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်း ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးခြင်းကို ယမန်နေ့က မြတ်ပညာခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နီနီအေးက အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုအန္တရာယ်နှင့် သတိပြုဖွယ် အီးစီးကရက် (vape) အန္တရာယ်အကြောင်းနှင့် ပတ်သက်၍ အသိပညာပေးခြင်းကို ပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သွားနှင့် ခံတွင်း ဆရာဝန်များက သွားနှင့် ခံတွင်း အကြောင်းကို လည်းကောင်း၊ ကျန်းမာရေး အသိပညာပေးခြင်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများအား သွားဖွား ဆရာမ ဒေါ်အေးချမ်းမေက သန့်လေးသန့် ရန်သူနှင့် အစာစားပါ ကဗျာများကို လည်းကောင်း သင်ကြားပေးသည်။

ထို့နောက် မူလတန်းကျောင်းသား ကျောင်းသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာလင်းလင်းဦး ဦးဆောင်သော ဆရာဝန်များက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးပေးခြင်းများ ပြုလုပ်ပေးသည်။

**ကျော်ဆန်းမြင့်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၂၈** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်း အသီးသီးအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးအခြားပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 1(T)/MOEP/25-26 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် MOEP Data Center Protection and Management System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ခ | 2(T)/MOEP/25-26 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် Network Upgrading and Monitoring System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ဂ | 3(T)/MOEP/25-26 | Desktop Computer နှင့် Laptop Computer များဝယ်ယူရန်။ |
| ဃ | 4(T)/MOEP/25-26 | Printer နှင့် ငွေရေစက်များ ဝယ်ယူရန်။ |
| င | 5(T)/MOEP/25-26 | Copier များ ဝယ်ယူရန်။ |
| စ | 6(T)/MOEP/25-26 | စားပွဲ၊ ကုလားထိုင်၊ ဖိုင်တင်စင်၊ မီးခံသေတ္တာ၊ Cabinet နှင့် သံဗီရိုများ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား တင်ဒါပိတ်ရက် (၁၁-၇-၂၀၂၅)ရက် (၁၃:၀၀)နာရီ အချိန်တွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမည်-ထမ္မနဲမြောက်၊ အကွက်အမှတ်- ၇၂၇၊ ဦးပိုင်အမှတ် ၅၄/၁၊ မြေဧရိယာ ၀.၂၉ ဧကရှိ မြေကွက်အား ဦးဘိုးပိန်နှင့်ဒေါ်မဲ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ဦးဘိုးပိန်နှင့်ဒေါ်မဲ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူဒေါ်စောသင်မှ ဘိုးဘွားစဉ်ဆက်အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ဦးဘိုးပိန်နှင့်ဒေါ်မဲတို့၏ တစ်ဦးတည်းသော အမွေဆက်ခံသူဖြစ်သည့် ဒေါ်စောသင်တွင် သားသမီး(၄)ဦးရှိပြီး ဒေါ်စောသင်၏သားသမီးများဖြစ်သည့် ဒေါ်မြအေး၊ ဒေါ်ရွှေမြင့်၊ ဒေါ်စောသီ၊ ဦးအောင်ကျော်စိုးတို့အနက် ဦးအောင်ကျော်စိုးမှာ ကွယ်လွန်သွားပြီးဖြစ်ပါသည်။ လက်ရှိအချိန်ထိ ဒေါ်စောသင်မှာကျန်းမာရေးကောင်းမွန်လျက်ရှိသည့်အတွက် ကျန်ရှိသည့်သားသမီး(၃)ဦးအား ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုံးဝ(လုံးဝ)အမွေခွဲဝေပေးခြင်းမရှိသေးပါ။ ယနေ့အချိန်ထိ အထက်ဖော်ပြပါ မြေကွက်အား ဒေါ်စောသင်မှ ဆက်လက်အခွန် ထမ်းဆောင်၍ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား ဒေါ်စော သင်မသိရှိပဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလဲလျှောက်ထားခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စောသင် ၆/မအရ(နိုင်)၀၇၂၄၀၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/9213 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/9314 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၄၁၄/၃၊ ဦးပိုင်အမှတ် ၁၃၂-က၊ ၃၃x၃၄ကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာခင်အေးမိ ၉/မကန(နိုင်)၀၇၈၀၄၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် ၂၃၊ ဦးပိုင်အမှတ် ၂၂-ခ၊ ၈x၉လမ်း ကြား၊ ၇၄x၇၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရီရီဝင်း ၉/လဝန(နိုင်)၀၈၅၃၈၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၅ နှင့်ဆက်နွှယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၇

| | | |
|---|---|---|
| ဦးမောင်လှ(ခ) ဦးဘီဂျိုင်းကူးမားရ် | နှင့် | ၁။ ကိုမိုးမြင့်ဟန်<br>၂။ ကိုထွန်းထက်အောင်<br>၃။ ကိုရှိန်းသူအောင်<br>၄။ ကိုထွန်းခန့်အောင် |
| (တရားနိုင်) | | (တရားရှုံးများ) |

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ နယ်မြေ(၃)၊ နန်းတော်ရာစံပြကွက်သစ်၊ စိန်ပန်းလမ်းနှင့် ခဝဲလမ်းကြား (ယခင် မိဘမေတ္တာဘော်ဒါဆောင်)နေ ကိုထွန်းခန့်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၅ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ(၂၁)ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁၂ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ(၂၇)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းစစ်ငင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ မာဃ(၁၂)လမ်း၊ မြေကွက်အမှတ်(၉၀၃/ခ)၏ နှစ်(၆၀)ဂရန်မူရင်းနှင့်တကွ အကျယ်အဝန်း (၁၀ ပေ x ၆၀ ပေ) ခေါင်းရင်းခြမ်း၊ နှစ်ထပ် အုတ်ညှပ်အိမ်၊ ရေ မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိတရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုး (၃/ကကရ(နိုင်)၁၁၄၁၅၀)ထံမှ ကျွန်တော် ဦးမြင့်ဇော် (၁၁/ရဗန(နိုင်)၀၆၁၃၃၆)က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဇော် ၁၁/ရဗန(နိုင်) ၀၆၁၃၃၆**
**ဖုန်း-၀၉-၂၅၀၄၀၉၉၆၀၊ ၀၉-၂၅၂၀၂၅၆၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ခနောင်ရှမ်းစုကျေးရွာအုပ်စု၊ ကွင်းအမည် (၂၁၆/ဂ)၊ ဆိပ်ကြီးကွင်း၊ ဦးပိုင်အမှတ် - ၁/၁၊ (၂.၄၀) ဧကနှင့် ဦးပိုင်အမှတ် -၃/၁၊ (၃ ဒသမ ၀၀)ဧက၊ စုစုပေါင်းဧရိယာ (၅ ဒသမ ၄၀)ဧကရှိ လယ်ယာမြေနှင့် ၎င်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိထားသည့် ပိုင်ရှင် ဦးမြင့်သိန်း ၁၂/ဒလန(ပြု)၀၀၀၂၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊အကွက်အမှတ် ၁၂၊ ဦးပိုင်အမှတ် ၁၃၂၊ ၈x၁၂လမ်းကြား၊ ၈လမ်း၊ တာရိုးဟောင်းလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း ၉/မနမ(နိုင်)၁၅၃၂၁၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၁၀၁၊ ဦးပိုင်အမှတ် ၁၃.ဃ/၈လမ်း၊ ၂၀x၂၁ လမ်းကြားရှိ ဦးလှခင်၊ ဒေါ်ခင်နှင်းလွင် အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၆၇၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ခင်စန်းလွင် ၉/မနမ(နိုင်)၀၉၇၈၅၇၊ ဦးလွင်ကိုကို ၉/အမဇ(နိုင်)၀၅၇၆၂၂၊ ဦးလွင်ညီညီ ၉/အမဇ(နိုင်)၀၀၂၈၂၀၊ ဒေါ်မိုးမိုးလွင် ၉/မနမ(နိုင်)၀၉၇၈၅၉၊ ဒေါ်မြင့်မြင့်လွင် ၉/မနမ(နိုင်)၀၉၇၈၆၀၊ ဒေါ်အေးအေးလွင် ၉/မနမ(နိုင်)၀၀၃၁၉၉၊ ဒေါ်ခင်နန်းအေး ၉/မနမ(နိုင်)၁၁၆၇၃၃၊ ဦးအောင်ကျော်ကျော်လွင် ၉/အမဇ(နိုင်) ၁၁၀၉၁၀တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၅၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သီရိထွန်း ၁၂/ပဇတ(နိုင်) ၀၂၉၉၁၆က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၃

**ကွယ်လွန်သူ ဒေါ်အကြူနှင့်ဦးညီညီလွင်တို့၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**

၁။ ဒေါ်ယဉ်မေ(ခ)ဟွေဟော့ ၂။ ဒေါ်ခင်ကြည်--------လျှောက်ထားသူများ၊

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ ၂၇x၂၈လမ်းကြား၊ ၅၉(ဘီ)လမ်းနေ ၁။ ဒေါ်ယဉ်မေ(ခ)ဟွေဟော့ ၂။ ဒေါ်ခင်ကြည်တို့က ကွယ်လွန်သူ ဒေါ်အကြူနှင့် ဦးညီညီလွင်တို့၏ အဒေါ်အရင်းများဖြစ်သည်ဟူ၍ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇x၂၈လမ်းကြား၊ ၅၉(ဘီ)လမ်းနေ၊ ၎င်းကွယ်လွန်သူ ဒေါ်အကြူနှင့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ တိုက်ခန်းအမှတ် (B)၊အခန်းအမှတ် (H-4) နေ၊ ၎င်းကွယ်လွန်သူ ဦးညီညီလွင်တို့မှာ ကျန်ရစ်သော A BANK စာအုပ်တွင် ဒေါ်အကြူနှင့် ဦးညီညီလွင်နှစ်ဦးအမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်တွင် ကျန်ရှိသော စုစုပေါင်းငွေ-၅၀၄၉၉၆၃၇၇.၇၉ကျပ် ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်အကြူနှင့် ဦးညီညီလွင်တို့မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်၁၈ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၉ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ယဉ်မေ(ခ)ဟွေဟော့နှင့် ဒေါ်ခင်ကြည်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်/မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၅၈)၊ ဧရိယာ (၀.၀၅၇)ဧက ရှိ ဒေါ်ခင်စန်းမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမျိုးအစားရှိ အိမ်နှင့်မြေအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ အိမ်နှင့်မြေကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းမြင့် (၅/ယမပ(နိုင်) ၀၃၂၆၁၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးစံတင် (၁၂/ရကန(နိုင်)၀၈၁၇၈၃) သည် နှစ်ဦးသဘောတူအိမ်နှင့်မြေအရောင်းအဝယ်စရန်ငွေပေးချေခြင်း သဘောတူကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အိမ်နှင့်မြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါအိမ်နှင့်မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံတင် (၁၂/ရကန(နိုင်)၀၈၁၇၈၃)၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး LL.B (စဉ်-၁၈၈၀၃)** | **ဒေါ်ဖြိုးပိုပို LL.B(စဉ်-၅၄၁၆၈)** |
| **WIPO (Switzerland)** | **WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း-၀၉-၇၉၁၆၈၆၃၃၄၊ ၀၉-၄၅၀၀၄၅၁၈၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၆-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄) အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းကြော်ငြာတွင် ဦးရန်ခိုက်ရှင် ၁၂/မရတ(နိုင်)၁၃၆၅၂၅ အစား ၁၂/မရက(နိုင်)၁၃၆၅၂၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဲတော(၃) ရှက်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade- 12မှ မခိုင်ဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဦး ၉/ဝတန(နိုင်)၁၈၄၅၅၅ ဖြစ်ပါကြောင်း။

**ဦးကျော်စွာဦး**
**၉/ဝတန(နိုင်)၁၈၄၅၅၅**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/4176၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် ( RA – IV / ကွက်ပြင် – ၄)၊ ဦးပိုင်အမှတ် (၁၈-၃)၊ မြေဧရိယာ(၀.၀၈)ဧကရှိ မြေကွက်အား မြေငှားဂရန် ( ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားနိုင်ရေး ဦးစိုင်းဖြိုးဇင်ဦး (၉/ပဥလ(နိုင်)၀၀၆၇၇၇) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ထားဝယ်မြို့ ၊ သဘော်ဆိပ်ရပ်၊ သုခလမ်းသွယ်နေ၊ ပညာရောင်ခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10မှ မောင်မင်းသက်ကျော်ဇော၏ဖခင် ဦးမင်းဇော်၏အမည်မှန်မှာ ဦးမင်းမင်းဇော် ၁၀/ရမန(နိုင်)၀၇၉၃၃၀ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/90089, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရဲန် ၁၃/တခလ(နိုင်)၀၅၉၅၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/5940, Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်အောင်နိုင် ၉/မထလ(နိုင်) ၃၈၇၄၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/63670, Honda PCX ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းခမ်းခေါင် ၁၃/တခလ(နိုင်)၀၆၈၂၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/65417, New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd.က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/2216, Stream II -110 ယာဉ်လက်ဝယ်ရှိသူ Aung Naing Hein San Co.,Ltd.က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/10429, Shayan-110 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd.က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၆၉၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၀/မလမ(နိုင်)၁၈၆၂၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၂၁၀၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၃/ကကရ(နိုင်)၀၃၃၂၄၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၆၇၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဝင်းမြင့် ၁၀/ရမန(နိုင်)၀၀၅၉၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/2376 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 66W/46215, Dayang-110, M/C ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/51953, KENBO-110 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသန့်ဇင် ၁၂/ပဘတ(နိုင်)၀၂၁၄၈၄ နှင့် ဒေါ်ဖြူဖြူဝင်း ၁၀/မလမ(နိုင်)၁၀၉၇၅၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင်၊ ဒေါ်ဖြူဖြူဝင်းနှင့် ဒေါ်နီနီဝင်းတို့သည် မောင်နှမများဖြစ်ကြပါသည်။ ဒေါ်နီနီဝင်းနှင့် ဦးကျော်နိုင်တို့တွင် တစ်ဦးတည်းသောသားဖြစ်သူ မောင်မင်းဟန် ၁၂/ကတတ(နိုင်)၀၂၇၅၉၆အား မွေးဖွားထွန်းကားခဲ့ပါသည်။ ဒေါ်နီနီဝင်းနှင့် ဦးကျော်နိုင်တို့(ကွယ်လွန်)ပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ(၂)ဦးတို့က (တူ)တော်စပ်သူ မောင်မင်းဟန်ကို အလုံးစုံစောင့်ရှောက်ထိန်းသိမ်းပေးလျက်ရှိရာ ယခုအချိန်တွင်(တူ)ဖြစ်သူ၏ ကျန်းမာရေးအခြေအနေအားနည်းနေသည့်အတွက် ဆေးကုသမှုခံယူလျက်ရှိပါသည်။ ယခုအခါ ဆေးကုသမှုကိုအနှောင့်အယှက်ဖြစ်စေ ရန်ရည်ရွယ်ချက်ဖြင့် ပြုမူနှောင့်ယှက်မှုများကြုံတွေ့နေရပါသည်။ ထိုကဲ့သို့ လာရောက်နှောင့်ယှက်နေမှုများအား ပြုလုပ်လိုသောမည်သူ့ကိုမဆို နောက်ထပ်မပြုလုပ်ရန်သတိပေးတားမြစ်အပ်ပါသည်။

အထက်သတိပေးတားမြစ်ချက်များအား လိုက်နာခြင်းမရှိဘဲထပ်မံပြုမူဆောင်ရွက်နေပါက မည်သူ့ကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်သတိပေး ကြေညာအပ်ပါသည်။

**ဦးသန့်ဇင်၊ဒေါ်ဖြူဖြူဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာအေး(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ် ၅၁၃၉၅)**
**ဖုန်း-၀၉-၆၇၃၆၃၁၄၄၃၊ ၀၉-၉၄၀၆၃၃၄၁၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၈)၊ ဦးပိုင်အမှတ် ၁၆-ခ/၈၄လမ်းနှင့် စစ်ကိုင်း-မန္တလေးလမ်းကြား၊ ရွှေတိဂုံဘုရားလမ်းသွယ်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မောင်လွန်း၊ မရွက်တို့ ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသော ဒေါ်တင်ညွန့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၆၆၇/၁၉၇၄)ဖြင့် ဝယ်ယူခဲ့သော ဒေါ်ကြည်ကြည်မာ WMDY-၃၁၃၄၁၂ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၉၁၅/၁၉၈၉)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်ထွန်းအောင်၉/မရတ(နိုင်)၀၅၀၅၇၀ကဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဦးပိုင်အမှတ် ၇၅+၇၆၊ ၁၀၃x၁၀၄ကြား၊ ပရံတော်ချောင်း x၅၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုအောင် ၉/မထလ(နိုင်)၀၆၇၀၇၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၉၆၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝိုင်းပြည့်မြတ် ၅/ကဘလ (နိုင်)၂၀၀၇၃၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇရာဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်နေ ဦးတင်ရှိန်၏သမီး ဒေါ်ရီရီရှိန် ၁၂/အစန(နိုင်)၁၂၇၁၇၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၅၆၀၂၇၂၊ ၀၉-၉၆၀၁၀၆၆၆၇**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ ပုတီးကုန်း(အလက)ကျောင်းမှ မောင်သိန်းသန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၉/မလန(နိုင်)၁၆၅၁၈၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊၇/မြို့မ အနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၀၈၄၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်မုန်းစန္ဒာဝင်း ၁၂/ရကန(နိုင်)၀၄၆၀၄၂ (ဘ)ဦးမောင်မောင်ဆင့်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ သီရိရတနာအဆင့်မြင့်ဈေး သီရိအနော်ရထာ(၁၆)လမ်း၊ အမှတ်(၁၄၉) (၁၅၆)တွင် ဖွင့်လှစ်ထားရှိသောGOLD TWIN TIGERS TRADING COMPANY LIMITED ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

GOLD TWIN TIGERS TRADING COMPANY LIMITED သည် မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ကိုမှ EV ကားကြိုတင်ရောင်းချခြင်း၊ EV ကားအတွက် ငွေကြိုတင်ရယူထားခြင်းများမရှိပါကြောင်း၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရလည်း မည်သူ့ကိုမျှ ကြိုတင်ရောင်းချခွင့်ပြုထားခဲ့ခြင်းမရှိသည့်အပြင်၊ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့်တင်သွင်း၊ တင်ပို့တပ်ဆင်ထုတ်လုပ်မြှင့်တင်ရေးကော်မတီ၏ အသိပေးကြေညာချက် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ လူမှုကွန်ယက်တွင်ကြော်ငြာရောင်းချခြင်း၊ မော်တော်ယာဉ် ရောက်ရှိခြင်းမရှိဘဲ PRE ORDER ဖြင့်ကြိုတင်ရောင်းချခဲ့ခြင်းတို့ ပြုလုပ်ခဲ့ခြင်းမရှိပါ။

ထိုသို့ ကောင်းသတင်းများဖြင့် ရပ်တည်နေသည့်အပေါ် ကုမ္ပဏီ၏ကောင်းသောပုံရိပ်ကျဆင်းအောင်နှင့် အကျိုးစီးပွားထိခိုက်နစ်နာအောင် ပြုလုပ်ပြောဆိုမှုများကို လုံးဝမပြုလုပ်ကြပါရန်နှင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများရင်းနှီးမြှုပ်နှံမှုနှင့်တင်သွင်း၊ တင်ပို့တပ်ဆင်ထုတ်လုပ် မြှင့်တင်ရေးကော်မတီ၏ မူဝါဒလမ်းညွှန်ချက်နှင့်မညီညွတ်ဘဲဆောင်ရွက်သည့် ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကုမ္ပဏီမှသိရှိခြင်းမရှိဘဲ ကြိုတင်ရောင်းဝယ်မှုပြုလုပ်နေသူများသည် ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီနှင့်ပတ်သက်ခြင်းမရှိကြောင်းနှင့် ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်သူမည်သူ့ကိုမဆို ဥပဒေရှိသည်နှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဆက်သွယ်ရေးဥပဒေအရဖြစ်စေ လိုအပ်သလို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**GOLD TWIN TIGERS TRADING COMPANY LIMITED**
**ဒါရိုက်တာအဖွဲ့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသူရဝင်း** | **ဒေါ်မေသန္တာ** |
| **(B.A, B.Sc(Hons),DBL(Credit), PGDL, LLB, LLM (2nd year) (Commercial Law),(WIPO) (Switzerland)** | **(B.A, (English), LLB, LLM(Commercial Law), (WIPO) (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၆၄)** | **အထက်တန်းရှေ့နေ (၅၂၉၆၁)** |

**အမှတ်(၂၇)၊အောင်သပြေအရှေ့(၁)လမ်း၊၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၀၁၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**
**website: www.moedaewar.com,**
**email: moedaewarlawfirm@gmail.com,**
**fb page : www.facebook.com/moedaewarlawfirm**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၄ ရပ်ကွက်၊ အကွက်အမှတ် ထထ-၂၆၊ ဦးပိုင်အမှတ် ၉၇၊ ၄၇x၄၆ ကြား၊ ၁၂၇x၁၂၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်း ၉/ပသက(နိုင်)၀၇၈၂၄၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၃၊ ဦးပိုင်အမှတ် ၁၂-ခ/၁၉x၂၀ကြား၊ ၆၄x၆၅လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးတင်မောင်ဆွေ(ခ)ဟီရာလာလ် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်အာဂျင်ဒါကော ၉/မနမ(နိုင်)၁၁၂၇၄၄က ဂရန်မူရင်းမှာ လက်ဝယ်တွင် ပျောက်ဆုံးသွားကြောင်း သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဇ-၈၊ ဦးပိုင်အမှတ် ၁၈/၆၁ လမ်း၊ ၁၁၃x၁၁၄ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးကျော့ခိုင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၄၀၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းလင်း ၉/မရမ(နိုင်)၀၂၈၆၄၆က မြေချပါမစ်မူရင်းမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၆၊ ဦးပိုင်အမှတ် ၁၂-က/၁၀၆x၁၀၇ကြား၊ ၅၄x၅၅ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးမင်းသိဏ်းထွဋ်(ခ)မင်းသိန်းထွန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သန်းသန်းထွေး ၉/မနတ(နိုင်)၀၇၈၂၄၉က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ အကွက်အမှတ်(၁၅-E)၊ အကွက်အမည်(လိပ်ပြာကန်တောင်ရပ်)၊ ဦးပိုင်အမှတ်၄၇(အ၉)ဟုခေါ်တွင်သည့် ဧရိယာ (၀.၀၃၀)ဧက အကျယ်အဝန်းရှိသော မြေကွက်တစ်ကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန်(၅)လမ်း၊ အမှတ်(၇၈၂)ဟုခေါ်တွင်သည့် နှစ်ထပ်အုတ်ညှပ် နေအိမ်တစ်လုံး အပါအဝင် အခြားအကျိုးခံစားခွင့်များ အားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်အဝင်း(ဘ)ဦးတိုး ၇/ပခန(နိုင်)၀၉၀၃၁၇က ၎င်းသာလျှင် တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ငြိမ်းနိုင် (ဘ)ဦးတင်မြင့် ၁၂/မဂဒ(နိုင်)၁၃၆၄၅၃မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဂရန်အမည်ပြောင်းလဲခြင်း ကိစ္စရပ်ကိုလည်း တရားဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇင်မင်းထွန်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၀၃)**
**အမှတ်(၁၉၈)၊ ဝိစာရဏာလမ်း၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့။**
**ဖုန်း-၀၉-၄၂၈၁၆၂၂၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/53233, New AIBO 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်တင် ၁၄/သပန(နိုင်)၀၉၀၇၉၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/69994, Honda RSX-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်မြတ် ၁၄/ပသန(နိုင်)၃၄၇၉၂၄က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အထက (ရှမ်းကန်)၊ Grade-11 မှ မအေးမို့မို့ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းမြင့် ဖြစ်ပါကြောင်း။

ဦးကျော်ဝင်းမြင့်
၁၄/ဒဒရ(နိုင်)၀၉၃၅၃၈

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အထက (ရှမ်းကန်) Grade-7မှ မခင်သက်စံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန်း ၁၄/ဒဒရ(နိုင်) ၁၄၇၀၈၉ ဖြစ်ပါကြောင်း။

ဦးမျိုးသန်း

## (၂၇-၆-၂၀၂၅)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ(၂၅)ပါ ဦးအောင်မျိုးသူ နှင့် ဒေါ်သော်တာမင်းသု တို့မှ ညွှန်ကြားချက်အရ ရှေ့နေ ဦးအောင်ကျော်မြင့် (စဉ်-၁၅၁၈၃)၏ ကြေညာချက်များပေါ် ပြန်လည်ဖြေရှင်းခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသူ **ဒေါ်တင်ဇာလှိုင်မင်း [၁၂/ဒဂရ(နိုင်)၀၄၁၇၃၅]** နှင့် **ဒေါ်ခိုင်နှင်းဝေ [၁၂/ကတတ(နိုင်)၀၃၂၆၈၅]** ထိုင်းနိုင်ငံ(ခေတ္တ)နေထိုင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများမှ ၎င်းတို့အား ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန် မည်သည့်ကိစ္စရပ်နှောင့်ယှက်မှုကိုမျှ ပြုမူဆောင်ရွက်ခြင်းမရှိပါကြောင်းနှင့် ဖြစ်စဉ် ဖြစ်ရပ်များကို သွေဖယ်၍ သူတစ်ပါးအား ထိခိုက်နစ်နာစေရန် မည်သို့မျှ ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းလည်းမရှိပါ။ အထက်ခေါင်းစဉ်ပါ ၎င်းတို့၏ကြေညာချက်၌ပါရှိသည့် အင်တာနက်လူမှုကွန်ရက်ဖြစ်သော Facebook – Yar Kane၊ Khaing Hnin Account များနှင့် တခြားသော Platform များကို ကျွန်ုပ်၏မိတ်ဆွေများမှ သုံးစွဲအသုံးပြုခြင်း အလျဉ်းမရှိပါကြောင်းနှင့် ၎င်းအကောင့်များ၏ ပြုမူဆောင်ရွက်သမျှသည် ကျွန်ုပ်၏မိတ်ဆွေများနှင့် လုံးဝ လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း ကို ကာယကံရှင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ပြင် ဒေါ်နှင်းနုလှိုင်[၁၂/ဒဂရ(နိုင်)၀၁၃၈၈၈]သည် ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ အင်တာနက်လူမှုကွန်ရက်များပေါ်၌ Hnin Nu (username – facebook.com/hnin.nu.13026) Account နှင့် Live/Post/Comment/Share များဖြင့် ကျွန်ုပ်၏မိတ်ဆွေများအပေါ်တွင် ကိုယ်ရေးဆိုင်ရာအချက်အလက်များဖွင့်ချခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်း၊ ကာယိန္ဒြေကိစ္စရပ်များ ထိကပါးရိကပါး ပြုလုပ်ခြင်းနှင့် နှောင့်ယှက်ခြင်းများပြုလုပ်နေပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ များမှာ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းရခြင်းနှင့်အတူ ကိုယ်စိတ်နှစ်ဖြာနစ်နာမှုများဖြစ်ရပါကြောင်း ကြားသိရပါသည်။

သို့ဖြစ်၍ ဟီရိဩတ္တပ္ပတရားနှင့် နေထိုင်လျက်ရှိသော ကျွန်ုပ်၏မိတ်ဆွေများအပေါ်တွင် နှောင့်ယှက်စွပ်စွဲပြောဆိုခြင်းများနှင့် အမည်နာမကိုယ်ရေးဆိုင်ရာ အချက်အလက်များကို အတိအလင်းဖော်ပြ၍ ကြေညာခြင်းများအား ချက်ချင်းရုပ်သိမ်းဖျက် (Permanently Delete)ပေးရန်၊ နောက်နောင် ထို့သို့ပြုမူခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ အဆိုပါ အထက်ပါကိစ္စရပ်များကို ဆက်လက်တည်ရှိ ဆောင်ရွက်နေပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကို ကာယကံရှင်များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဖိုလ်ငြိမ်းတိုး(LL.B)၊ အထက်တန်းရှေ့နေ(စဉ်–၅၃၇၇၉)**
**မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၉၇၆၄၆၆၈၈၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA–IV/ကွက်ပြင်–၄)၊ ဦးပိုင်အမှတ် (၁၈–၅)၊ မြေဧရိယာ ၀ဒသမ ၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဆွေဆွေဝင်း ၆/ထဝန(နိုင်)၀၃၉၆၁၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် (၆၁၃)၊ ဦးပိုင်အမှတ် (၆–ခ)၊ ၈၀ လမ်း၊ ၂၇x၂၈ လမ်းကြားရှိဦးယိုကန်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၉၇၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဖုံးရင်း(ခ)ရီရီမြ၊ ဒေါ်ဖုံစိုး(ခ)ဒေါ်ဖုံစို့၊ ဒေါ်ဖုံဖျှင်း(ခ)ဖုံဖျင်းတို့ (၃) ဦးအနက် ဒေါ်ဖုံဖျှင်း(ခ)ဖုံဖျင်းထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၂၆၃/၂၀၂၅)ဖြင့် လက်ခံခဲ့သော ဒေါ်ဖုံးရင်း(ခ)ရီရီမြ ၁၃/လရန(နိုင်)၀၅၉၇၉၂၊ ဒေါ်ဖုံစိုး(ခ)ဒေါ်ဖုံစို့ ၁၃/လရန(နိုင်)၀၀၅၅၁၉တို့က အမှုတွဲအမှတ် (၀၀၉၉/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခေ–၂၂)၊ ဦးပိုင်အမှတ်(၅၈)၊ ၆၈x၆၉ကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်သိန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၃၂၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းလွင်လွင်စိန် ၁၃/ကမန(နိုင်) ၀၁၀၉၂၅က အမှုတွဲအမှတ် (၀၇၅၆/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၁ ရပ်ကွက်၊ အကွက်အမှတ် ခ–၃၊ ဦးပိုင်အမှတ် (၁၆)၊ ၆၅x၆၆ ကြား၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဆွေ၏ (SP ရရှိသူ ဒေါ်လေးညွန့်(ခ) ယဉ်ယဉ်မြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၅၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်ထွေး ၁/မညန(နိုင်)၀၈၀၁၈၈၈ အမှုတွဲအမှတ် (၀၇၈၇/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ–၂၊ ဦးပိုင်အမှတ် ၃၆/၄၇x၄၈ ကြား၊ ၁၁၁(စီ) လမ်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးချစ်ဝိုင်းကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စိန်ရီ ၉/မရမ(နိုင်)၀၄၃၆၉၃က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့်ခဲစင်းအရှေ့ဘက်ခြမ်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြု ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးမောင်နီနှင့် အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ အမှတ်–၁၂၃၊ ဧရိယာ ၀.၀၅၅ဧက ရှိ ဦးမောင်နီအမည်ဖြင့် နှစ်(၃၀)ဂရန်ထွက်ရှိထားသော မြေကွက်ကြီးမှ အစိတ်အပိုင်းမြေကွက်ဖြစ်သော ပေ(၂၀x၆၀)အကျယ်အဝန်းရှိ အမှတ်–၁၂၃/ခ၊ ခြံမြေကွက်နှင့်နေအိမ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်နီထံမှ ကျွန်မဒေါ်ကေသွယ်ဝင်းသည်(၁၂–၁–၂၀၂၅)ရက်တွင် အသိသက်သေများရှေ့၌ ငွေအပြည့်အဝပေးချေကာ အပြီးအပိုင်ဝယ်ယူပြီးနောက် ကျောက်တိုင်၊ သံဇကာများဖြင့် ခြံစည်းရိုးကာရံကာ ယနေ့အချိန်အထိ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ (၁၂–၁– ၂၀၂၅)ရက် နေအိမ်နှင့်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုစဉ် ဦးမောင်နီသည် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ရာတွင် လည်းကောင်း၊ ဂရန်ခွဲစိတ်ခြင်းနှင့် မိမိအမည်ပေါက်ပြောင်းလဲရာတွင်လည်းကောင်း ၎င်း၏ အမည်မှ ကျွန်မ၏အမည်သို့ ဂရန်ခွဲစိတ်ခြင်းနှင့် အမည်ပြောင်းလဲရာတွင်လည်းကောင်း လိုက်ပါဆောင်ရွက်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့သော်လည်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် ဦးမောင်နီအား သွားရောက်ခေါ်ဆို ရာ၌ ယခင်နေရပ်လိပ်စာတွင် နေထိုင်ခြင်းမရှိတော့သကဲ့သို့ မည်သည့်အရပ်တွင် နေထိုင်နေကြောင်း ယနေ့အချိန်အထိ စုံစမ်းမရရှိခဲ့ပါ။ ဦးမောင်နီအမည်ဖြင့် ကျွန်မအား ရောင်းချခဲ့သော ခြံမြေနှင့်ပတ်သက်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်အတွက် ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း လာရောက်ဆောင်ရွက်ပေးပါရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်ဝင်း(ဘ) ဦးရွှေဝင်း ၇/ဝမန(နိုင်)၁၀၃၂၅၄**
**စစ်တောင်းပင်မဓါတ်အားခွဲရုံ၊ လျှပ်စစ်ဓါတ်အား**
**ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ သိမ်ဇရပ်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်–ဝဟ–၁၅၃ နေထိုင်သူ ဦးသိန်းစံ(ခ)ဦးဖိုးခွား ၁၂/လကန(နိုင်)၀၁၈၈၇၈နှင့် ဒေါ်တင်မာကြူ(ခ)ဒေါ်ကြူကြူ ၅/ကလဝ(နိုင်)၀၀၀၈၀၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်ဟိန်းထက်စံ ၁၃/တခလ(နိုင်) ၀၈၉၆၄၅ သည် ဖခင်နှင့်မိခင်တို့၏ ဆိုဆုံးမစကားကို နားမထောင်သည့်အပြင် မိဘများအား အမြဲစိတ်ဆင်းရဲအောင် နည်းမျိုးစုံဖြင့် စိတ်ဒုက္ခပေးနေသူဖြစ်ပြီး မိဘများ နေအိမ်မှလည်း ၎င်း၏သဘောဆန္ဒအလျောက် ဆင်းသွားပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်ဟိန်းထက်စံအား မိဘနှစ်ဦးအပါအဝင် ကျန်မောင်နှမများနှင့်လည်း လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အတွက် ဦးသိန်းစံ(ခ)ဦးဖိုးခွားနှင့် ဒေါ်တင်မာကြူ (ခ)ဒေါ်ကြူကြူတို့၏ သားဖြစ်သူ မောင်ဟိန်းထက်စံနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် မောင်ဟိန်းထက်စံအား အမွေစားအမွေခံသားအရင်းအဖြစ်မှ အသိအမှတ်မပြုဘဲ သားအရင်းအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကေသွယ်မိုး(LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်–၉၈၈၈(၂၇–၅–၂၀၁၄ )**
**သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/87355, Honda Wave–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူကို ၁၄/ငဆန(နိုင်)၀၀၄၃၃၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၇၂၂၉ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၁၀/မဒန(နိုင်)၀၉၈၉၀၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၃၂၃၇၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝါဝင်း ၁၀/မလမ(နိုင်)၁၈၃၂၇၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၃၅၃၆၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသက်မူ ၁၀/သဖရ(နိုင်)၀၇၃၁၇၉ က ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက(၂)တွင် ပညာသင်ကြားနေသော မောင်သူရဇော် Grade–7 နှင့် မနှင်းဝသန် Grade–6 တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးသဲ ဖြစ်ပါကြောင်း။

ဦးဖိုးသဲ

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အထက (ရှမ်းကန်)၊ Grade–9မှ မောင်ဇင်ရှိုင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်ညို ဖြစ်ပါကြောင်း။

ဦးမောင်ညို
၁၄/ဒဒရ(နိုင်)၁၉၁၇၈၉

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၄၂၃၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA–V/ကွက်ပြင်–၃)၊ ဦးပိုင်အမှတ်(၁၉/၃၀)၊ မြေဧရိယာ ၀ဒသမ၀၈၃ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ဆောင်းလမင်း ၉/အမဇ(နိုင်)၀၁၂၀၈၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/2872 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ S.H.T Construction & Property Services Co.,Ltd. ၏ Managing Director ဖြစ်သူ ဦးဆွေလှိုင်ထွန်း (၁၂/မဂတ(နိုင်)၀၉၅၂၅၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

